မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၁၁ ]  ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက် ( ၂၀၁၅ ခုနှစ်၊ မတ်လ ၁၃ ရက် ) } သောကြာနေ့  [ အတွဲ ၆၈

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁၉/၂၀၁၅**

၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်

( ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက် )

**ယာယီသက်သေခံလက်မှတ် သက်တမ်းသတ်မှတ်ခြင်းနှင့် သက်တမ်းကုန်ဆုံးသည့် လက်မှတ်များ အပ်နှံရေးအစီအစဉ် ထုတ်ပြန်ကြေညာခြင်း**

၁။ နိုင်ငံတော်အချုပ်အခြာအာဏာပိုင်ခွင့်ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် အမျိုးသားခေါင်းဆောင်ကြီးနှင့် လက်တွဲဖော်ဆောင်သည့် နိုင်ငံသားနှင့် တိုင်းရင်းသားခေါင်းဆောင်များသည် နိုင်ငံ၏ရေရှည်အကျိုးကို ရည်ရွယ်၍ **၁၉၄၇ ခုနှစ်၊ မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေ၊ ၁၉၄၉ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးအက်ဥပဒေ၊ ၁၉၅၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းနေထိုင်သူများ မှတ်ပုံတင်ရေးနည်းဥပဒေများ** တို့ကို ပြဋ္ဌာန်းကျင့်သုံးခဲ့ပါသည်။

၂။ **၁၉၄၉ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးအက်ဥပဒေ**ပုဒ်မ ၅၊ ပုဒ်မခွဲ (၁) ပါပြဋ္ဌာန်းချက်နှင့် **၁၉၅၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းနေထိုင်သူများ မှတ်ပုံတင်ရေးနည်းဥပဒေများ**၏ နည်းဥပဒေ ၁၃၊ နည်းဥပဒေခွဲ (၃) ပါ ပြဋ္ဌာန်းချက်တို့နှင့်အညီ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသူအချို့သို့ လိုအပ်ချက်အရ ကိုင်ဆောင်ရန် ယာယီသက်သေခံလက်မှတ်များအား ထုတ်ပေးခဲ့ပါသည်။ ယခုအခါ မြန်မာနိုင်ငံသားဥပဒေအရ နိုင်ငံသားစိစစ်ခြင်းလုပ်ငန်းစဉ်အား မိုးပွင့်အထူးစီမံချက်ဖြင့် အရှိန်မြှင့်ဆောင်ရွက်နေပြီဖြစ်၍ ယာယီသက်သေခံလက်မှတ်များ၏ သက်တမ်းကုန်ဆုံးသည့် နေ့ရက်ကို ၂၀၁၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့သတ်မှတ်ပါသည်။

၃။ ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူများသည် **၁၉၅၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းနေထိုင်သူများ မှတ်ပုံတင်ရေးနည်းဥပဒေများ**၏ နည်းဥပဒေ ၁၃၊ နည်းဥပဒေခွဲ (၄) ပါ ပြဋ္ဌာန်းချက်နှင့်အညီ သက်တမ်းကုန်ဆုံးသည့် လက်မှတ်များအပ်နှံခြင်း၊ စိစစ်မှုခံယူခြင်းတို့ကို သက်ဆိုင်သည့်ဥပဒေ၊

နည်းဥပဒေပြဋ္ဌာန်းချက်များကို လိုက်နာ၍ နည်းလမ်းတကျ ဆောင်ရွက်ကြရမည်။ သက်တမ်းကုန်ဆုံးသည့် လက်မှတ်များအပ်နှံခြင်းကို ၂၀၁၅ ခုနှစ်၊ မေလ (၃၁) ရက်နေ့ နောက်ဆုံးထား၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၄။ အထက်ပါလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် **၁၉၅၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးနည်းဥပဒေများ**၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (၁) နှင့် နည်းဥပဒေခွဲ (၃)၊ နည်းဥပဒေ ၂၉၊ နည်းဥပဒေခွဲ (၂) တို့ပါ ပြဋ္ဌာန်းချက်များအရနှင့် ပွင့်လင်းမြင်သာမှုရှိစေရေး၊ ညီညွတ်မျှတမှု ရှိစေရေးတို့အတွက် မြို့နယ်မှတ်ပုံတင်အရာရှိ၏ လုပ်ငန်းတာဝန်များကို နိုင်ငံတော်သမ္မတရုံးမှ မိုးပွင့်အထူး စီမံချက်တွင် ဖွဲ့စည်းပေးထားပြီးဖြစ်သော တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာ အုပ်စု ကြီးကြပ်မှုကော်မတီများမှ ဝိုင်းဝန်းကူညီဆောင်ရွက်ရန် တာဝန်ပေးအပ်ပါသည်။

၅။ **၁၉၄၉ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးအက်ဥပဒေ**ပုဒ်မ ၃၊ ပုဒ်မခွဲ (၁) ပါ ပြဋ္ဌာန်းချက်အရ မှတ်ပုံတင်အရာရှိချုပ်အဖြစ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အားလည်းကောင်း၊ မြို့နယ်မှတ်ပုံတင်အရာရှိအဖြစ် သက်ဆိုင်ရာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးအားလည်းကောင်း တာဝန်ပေးအပ် ပါသည်။

၆။ ထို့အပြင် ယာယီသက်သေခံလက်မှတ်နှင့်စပ်လျဉ်း၍ ရဟန်းရှင်လူပြည်သူအပေါင်းက ဝေဖန် သုံးသပ်မှုများရှိနေသည့်အတွက် ယာယီသက်သေခံလက်မှတ်နှင့် စပ်လျဉ်းသည့် ဥပဒေ၊ နည်းဥပဒေများနှင့် ဆက်စပ်ကိစ္စရပ်များ လေ့လာသုံးသပ် အကြံပြုရေးကော်မရှင်ကို ပညာရှင်များ၊ ပါဝင်ထိုက်သည့်ပုဂ္ဂိုလ်များနှင့် ဖွဲ့စည်းတာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန် ကြေညာအပ်ပါသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် ၂၀/၂၀၁၅

၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်
( ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက် )

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံ ပညာဦးစီးဌာန၊ ဆေးတက္ကသိုလ် (၁) ရန်ကုန်ပါမောက္ခချုပ် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းအား အစမ်းခန့် ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၁၅)**

၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်

( ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက် )

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ပြင်ဆင်သည့်ဥပဒေကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကိုပြင်ဆင်သည့် ဥပဒေကြမ်းအတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ဥပဒေ** (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ပြင်ဆင်သည့် ဥပဒေကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေ (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂ ။)**

၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်

(၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ပြင်ဆင်သည့် ဥပဒေကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄၃၆၊ ပုဒ်မခွဲ (က) နှင့် အကျုံးဝင်သည့် ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ပြင်ဆင်သည့်ဥပဒေကြမ်း အတည်ပြုနိုင်ရေးအတွက် ကျင်းပသော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ကော်မရှင်**ဆိုသည်မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးအတွက် ဤဥပဒေဖြင့်တာဝန်ပေးအပ်သော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ပြည်ထောင်စုကော်မရှင်ကို ဆိုသည်။

(ဃ) **ကော်မရှင်အဖွဲ့ခွဲ**ဆိုသည်မှာ ဤဥပဒေအရ ကော်မရှင်က ဖွဲ့စည်းတာဝန်ပေးအပ်သော ကော်မရှင် အဖွဲ့ခွဲ အဆင့်ဆင့်ကို ဆိုသည်။

(င) **နေပြည်တော်ကောင်စီနယ်မြေကော်မရှင်အဖွဲ့ခွဲ**ဆိုသည်မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး နေပြည်တော်ကောင်စီနယ်မြေကော်မရှင် အဖွဲ့ခွဲကို ဆိုသည်။

(စ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ**ဆိုသည်မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲကို ဆိုသည်။

(ဆ) **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲ**ဆိုသည်မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ကော်မရှင်အဖွဲ့ခွဲကို ဆိုသည်။

(ဇ) **ခရိုင်ကော်မရှင်အဖွဲ့ခွဲ**ဆိုသည်မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ခရိုင်ကော်မရှင်အဖွဲ့ခွဲကို ဆိုသည်။

(ဈ) **မြို့နယ်ကော်မရှင်အဖွဲ့ခွဲ**ဆိုသည်မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး မြို့နယ်ကော်မရှင် အဖွဲ့ခွဲကို ဆိုသည်။

(ည) **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ**ဆိုသည်မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲကို ဆိုသည်။

(ဋ) **နိုင်ငံသား**ဆိုသည်မှာ တည်ဆဲဥပဒေအရ မြန်မာနိုင်ငံသားဖြစ်ပြီးသူကို ဆိုသည်။

(ဌ) **သာသနာ့ဝန်ထမ်း**ဆိုသည်မှာ -

(၁) ဗုဒ္ဓဘာသာဝင်များအတွက်ဖြစ်လျှင် ဗုဒ္ဓဘာသာသာသနာ့ဝန်ကို ထမ်းရွက်နေသော ရဟန်း၊ သာမဏေ၊ ဖိုးသူတော်နှင့် မယ်သီလတို့ကို ဆိုသည်။

**ရှင်းလင်းချက်။** သာသနာ့ဝန်ထမ်းဟုဆိုရာတွင် သာသနာ့ဝန်ထမ်းအဖြစ် ခေတ္တခံယူသူ များနှင့်လည်း ထိုသို့ခံယူထားဆဲကာလအတွက် သက်ဆိုင်စေရမည်။

(၂) ခရစ်ယာန်ဘာသာဝင်များအတွက်ဖြစ်လျှင် ခရစ်ယာန် သာသနာ့ဝန်ကို ထမ်းဆောင်ရန် အဓိကအားဖြင့် မိမိကိုယ်ကို ဆက်ကပ်ထားပြီးသည့် ပုဂ္ဂိုလ်ဟု သက်ဆိုင်ရာ ခရစ်ယာန် အသင်းတော်ကြီးများ (Churches) က အသိအမှတ်ပြု၍ သိက္ခာပေးထားခြင်းခံရသော သို့မဟုတ် တာဝန်ပေးထားခြင်းခံရသော ပုဂ္ဂိုလ်ကိုဖြစ်စေ၊ မိမိတို့ကိုးကွယ်ရာဘာသာအရ ဂိုဏ်းချုပ်၏ အုပ်ချုပ်ခြင်းကို မိမိဆန္ဒအလျောက်လက်ခံ၍ ဘာသာရေးစည်းမျဉ်းဖြင့် သို့မဟုတ် အဓိဋ္ဌာန်ပြုချက်ဖြင့် စည်းရုံးထားသောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတွင် ပါဝင်သော ပုဂ္ဂိုလ်ကိုဖြစ်စေ ဆိုသည်။

(၃) ဟိန္ဒူဘာသာဝင်များအတွက်ဖြစ်လျှင် စံယာစီ၊ မဟန့် သို့မဟုတ် ဟိန္ဒူဘုန်းတော်ကြီးကို ဆိုသည်။

(ဍ) **ဆန္ဒခံယူပွဲဒေသ**ဆိုသည်မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးအတွက် ဆန္ဒမဲပေးရန် ကော်မရှင်က သတ်မှတ်ပေးသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကို ဆိုသည်။

(ဎ) **မဲစာရင်း**ဆိုသည်မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးအတွက် သတ်မှတ်ထားသော ဆန္ဒခံယူပွဲ ဒေသများတွင်ရှိသည့် ဆန္ဒမဲပေးခွင့်ရှိသူများ၏ စာရင်းကို ဆိုသည်။

(ဏ) **မဲရုံအဖွဲ့**ဆိုသည်မှာ မဲရုံတစ်ရုံ၌ ဆန္ဒမဲပေးခြင်းကို စုပေါင်းတာဝန်ယူ ဆောင်ရွက်ရေးအတွက် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲက ခန့်အပ်ထားသောအဖွဲ့ကို ဆိုသည်။

(တ) **မဲရုံမှူး**ဆိုသည်မှာ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲက ခန့်အပ်ထားသော မဲရုံအဖွဲ့၏ ခေါင်းဆောင်ကို ဆိုသည်။

(ထ) **ဆန္ဒမဲလက်မှတ်**ဆိုသည်မှာ ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ဆန္ဒခံယူပေးရန် သတ်မှတ်ဖော်ပြထားသော ဥပဒေပုဒ်မတစ်ခုချင်းအလိုက် ဤဥပဒေအရ ကော်မရှင်က သတ်မှတ်ပေးသော ဆန္ဒမဲလက်မှတ်ကို ဆိုသည်။

(ဒ) **ကြိုတင်ဆန္ဒမဲလက်မှတ်**ဆိုသည်မှာ ဤဥပဒေအရ ကော်မရှင်က သတ်မှတ်ပေးသော ကြိုတင်ဆန္ဒမဲလက်မှတ်ကို ဆိုသည်။

(ဓ) **ပယ်မဲ**ဆိုသည်မှာ အောက်ပါမဲလက်မှတ်များကို ဆိုသည်။

(၁) သတ်မှတ်ထားသည့် အမှတ်အသားမပါသော ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်၊

(၂) ကော်မရှင်အဖွဲ့ခွဲ၏ တံဆိပ်မပါရှိသော ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်၊

(၃) ဆန္ဒပြုထားခြင်းမရှိသော ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်၊

(၄) ဆန္ဒပြုထားခြင်းမှာ မသေချာမထင်ရှားသော ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်၊

(၅) ဆုတ်ဖြဲထားသည့် ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်၊

(၆) ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် မဲရုံအဖွဲ့က ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်အတုဖြစ်ကြောင်း စိစစ်ဆုံးဖြတ်သည့်ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်၊

(၇) တစ်နည်းနည်းဖြင့် ဖျက်ဆီး၍ မဲပုံးထဲထည့်ထားသည့် ဆန္ဒမဲလက်မှတ်၊

(၈) ကော်မရှင်က ပယ်မဲအဖြစ် သတ်မှတ်ရန် ထုတ်ပြန်ထားသော ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်။

## အခန်း (၂)
## ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပခြင်း

၃။ (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကိုပြင်ဆင်သည့် ဥပဒေကြမ်းအတည်ပြုနိုင်ရေးအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရမည်။

(ခ) ကော်မရှင်သည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ပြည်ထောင်စုလွှတ်တော်က သတ်မှတ်သည့် ကာလအတွင်း အပြီးကျင်းပရမည်။

၄။ (က) ကော်မရှင်သည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပမည့်နေ့ရက်ကို အနည်းဆုံးရက်ပေါင်း ၃၀ ကြိုတင်ကြေညာရမည်။

(ခ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးအတွက် မိမိတို့၏ ဆန္ဒခံယူပွဲဒေသအလိုက် ဆန္ဒမဲပေးခွင့်ရှိသူများ၏ စာရင်းကို အနည်းဆုံး ၁၅ ရက် ကြိုတင်ကြေညာရမည်။

## အခန်း (၃)
## ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းခြင်း

၅။ (က) ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်တစ်ဝန်းလုံးတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပနိုင်ရေးနှင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများ ကျင်းပရာတွင် ကြီးကြပ်နိုင်ရေးတို့အတွက်

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ပြည်ထောင်စုကော်မရှင်အဖြစ် တာဝန်ယူဆောင်ရွက်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား တာဝန်ပေးအပ်ရမည်။ ယင်းသို့ တာဝန်ပေးအပ်ရာတွင် ကော်မရှင်၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များနှင့် ဆောင်ရွက်ရမည့် အချိန်ကာလများကို သတ်မှတ်ပေးရမည်။

( ခ ) ပုဒ်မခွဲ (က) အရ တာဝန်ပေးအပ်ခြင်းခံရသော ကော်မရှင်သည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေအရ ဖွဲ့စည်းတာဝန်ပေးထားသည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကိုဖြစ်စေ၊ အောက်ပါကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်း၍ဖြစ်စေ တာဝန်ပေးအပ်နိုင်သည် -

(၁) နေပြည်တော်ကောင်စီနယ်မြေတွင် အဖွဲ့ဝင် ၁၅ ဦးပါဝင်သော နေပြည်တော်ကောင်စီနယ်မြေကော်မရှင် အဖွဲ့ခွဲ၊

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုလျှင် အဖွဲ့ဝင် ၁၅ ဦးပါဝင်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၊

(၃) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခုလျှင် အဖွဲ့ဝင် ၁၅ ဦးပါဝင်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲ၊

(၄) ခရိုင်တစ်ခုလျှင် အဖွဲ့ဝင် ၁၅ ဦးပါဝင်သော ခရိုင်ကော်မရှင်အဖွဲ့ခွဲ၊

(၅) မြို့နယ်တစ်ခုလျှင် အဖွဲ့ဝင် ၁၅ ဦးပါဝင်သော မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၊

(၆) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု တစ်ခုလျှင် အဖွဲ့ဝင် ၅ ဦးမှ ၂၀ ဦးအထိပါဝင်သော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ။

## အခန်း (၄)

## ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၆။ ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ကျင်းပခြင်း၊

( ခ ) သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် လိုအပ်သောလုပ်ငန်းအဖွဲ့များဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

( ဂ ) ကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးအတွက် ဆန္ဒခံယူပွဲဒေသများကို သတ်မှတ်ကြေညာခြင်း၊

( င ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရန် အချိန်ကာလသတ်မှတ်ပေးခြင်း၊

( စ ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးနှင့် စပ်လျဉ်းသော စာရင်းဇယားပြုစုရေးအတွက် လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဆ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးအတွက် ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများက အသုံးပြုမည့် ပုံစံ၊ တံဆိပ်များ၊ ဆန္ဒမဲလက်မှတ်နှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို သတ်မှတ်ပေးခြင်း၊

(ဇ) ဆန္ဒမဲလက်မှတ်နှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲ အသီးသီးသို့ ထုတ်ပေးခြင်း၊

(ဈ) နိုင်ငံခြားရှိ ဆန္ဒမဲပေးခွင့်ရှိသူများ ဆန္ဒမဲပေးနိုင်ရေးအတွက် ကြိုတင်ဆန္ဒမဲလက်မှတ်များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာသံရုံးအကြီးအမှူး သို့မဟုတ် ကောင်စစ်ဝန်ရုံးအကြီးအမှူးထံသို့ ပေးပို့ခြင်း၊

(ည) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီးသည့်အခါ စာရင်းချုပ်၍ ဆန္ဒမဲပေးခွင့်ရှိသူဦးရေ၊ ဆန္ဒမဲပေးသူဦးရေ၊ ထောက်ခံဆန္ဒမဲပေးသူဦးရေနှင့် ယင်းတို့၏ နှိုင်းယှဉ်ချက်ကို ရာခိုင်နှုန်းဖြင့်ကြေညာခြင်း၊ အစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြခြင်း၊

(ဋ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့်စပ်လျဉ်းသည့် အခြားလိုအပ်သောကိစ္စရပ်များကို ဆောင်ရွက်ခြင်း။

၇။ နေပြည်တော်ကောင်စီနယ်မြေကော်မရှင်အဖွဲ့ခွဲနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကော်မရှင်၏ ညွှန်ကြားချက်နှင့်အညီ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲများနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းခြင်း၊

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်နှင့်ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ကြီးကြပ်ကွပ်ကဲခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊

(ဂ) မိမိ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ကော်မရှင်သို့ အစီရင်ခံခြင်း၊

(ဃ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲများက မြို့နယ်အလိုက်ပေးပို့သော ဆန္ဒမဲပေးခွင့်ရှိသူများစာရင်းကို ကော်မရှင်သို့ ကြိုတင်ပေးပို့ခြင်း၊

(င) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပြီးစီးသည့်အခါ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများက ပေးပို့သော ဆန္ဒမဲအရေအတွက်ကို စုပေါင်းပြီး ဆန္ဒမဲပေးခွင့်ရှိသူစာရင်း၊ ဆန္ဒမဲပေးသူစာရင်း၊ ထောက်ခံမဲ၊ ကန့်ကွက်မဲနှင့် ပယ်မဲများကို ခွဲခြား၍ သတ်မှတ်ချက်များနှင့်အညီ စာရင်းပြုစုပြီး ကော်မရှင်သို့ ပေးပို့ခြင်း။

၈။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်ကော်မရှင်အဖွဲ့ခွဲ တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) မြို့နယ်ကော်မရှင်အဖွဲ့ခွဲများအတွက် လိုအပ်သော ဆန္ဒမဲလက်မှတ်နှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို ကော်မရှင်မှတောင်းခံခြင်းနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ လုံလောက်စွာ ခွဲဝေပေးခြင်း၊

(ခ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ကြီးကြပ်ကွပ်ကဲခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊

(ဂ) ကော်မရှင်၊ နေပြည်တော်ကောင်စီနယ်မြေကော်မရှင်အဖွဲ့ခွဲနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတို့၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း။

၉။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကော်မရှင်၏ ညွှန်ကြားချက်နှင့်အညီ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲများကို ဖွဲ့စည်းခြင်း၊

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း ကျင်းပသော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့်စပ်လျဉ်းသည့် သက်ဆိုင်ရာ ဆန္ဒခံယူပွဲဒေသများအလိုက် မဲစာရင်းများကို ထုတ်ပြန်ကြေညာခြင်း၊ ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်းနှင့် အတည်ပြုခြင်း၊ အတည်ပြုပြီးသော ဆန္ဒမဲပေးခွင့်ရှိသူစာရင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ ကြိုတင်ပေးပို့ခြင်း၊

(ဃ) မြို့နယ်အတွင်းရှိ ဆန္ဒခံယူပွဲဒေသများအတွက် လိုအပ်သော ဆန္ဒမဲလက်မှတ်နှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို ခရိုင်ကော်မရှင်အဖွဲ့ခွဲမှ တောင်းခံခြင်းနှင့် ဆန္ဒခံယူပွဲဒေသအလိုက် ရပ်ကွက်

သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများနှင့် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၂)၊ (၃)၊ (၄)၊ (၅) နှင့် (၆) တို့ပါ အဖွဲ့များသို့ လုံလောက်စွာ ခွဲဝေပေးခြင်း၊

(င) မြို့နယ်အတွင်းရှိ ဆန္ဒခံယူပွဲဒေသများ၌ ဆန္ဒမဲပေးရမည့် နေ့ရက်များကို ကြေညာခြင်း၊

(စ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများက ပေးပို့သော ဆန္ဒမဲအရေအတွက်ကို စုပေါင်းပြီး ဆန္ဒမဲပေးသူစာရင်း၊ ထောက်ခံမဲ၊ ကန့်ကွက်မဲနှင့်ပယ်မဲများကို ခွဲခြား၍ စာရင်းပြုစုပြီး နေပြည်တော်ကောင်စီနယ်မြေကော်မရှင်အဖွဲ့ခွဲ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများသို့ အစီရင်ခံခြင်း၊ မိတ္တူကို ကော်မရှင်နှင့် သက်ဆိုင်ရာခရိုင်ကော်မရှင်အဖွဲ့ခွဲများသို့ ပေးပို့ခြင်း၊

(ဆ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းဆောင်ရွက်ချက်များကို သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်ကော်မရှင်အဖွဲ့ခွဲသို့ အစီရင်ခံခြင်း၊ မိတ္တူကို ကော်မရှင်၊ နေပြည်တော်ကောင်စီနယ်မြေကော်မရှင်အဖွဲ့ခွဲနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများသို့ ပေးပို့ခြင်း၊

(ဇ) ပြည်လုံးကျွတ် ဆန္ဒခံယူပွဲနှင့်စပ်လျဉ်း၍ အခြားလိုအပ်သော ကိစ္စရပ်များကို ဆောင်ရွက်ခြင်း။

၁၀။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း ကျင်းပသော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို တာဝန်ယူဆောင်ရွက်ခြင်း၊

(ခ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအတွက် မဲစာရင်းကိုပြုစုပြီး သက်ဆိုင်ရာမြို့နယ်ကော်မရှင် အဖွဲ့ခွဲသို့ အတည်ပြုရန် တင်ပြခြင်းနှင့်အတည်ပြုပြီးသော မဲစာရင်းကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း ထုတ်ပြန်ကြေညာခြင်း၊

(ဂ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ အတည်ပြုချက်ဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုဆန္ဒခံယူပွဲဒေသရှိ မဲရုံနယ်မြေနှင့် တည်နေရာများကို သတ်မှတ်ကြေညာခြင်းနှင့် မဲရုံအဖွဲ့ဝင်များနှင့် မဲရုံမှူးများကို ခန့်ထားခြင်း၊

**ခြွင်းချက်။** ခန့်ထားသောမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်တစ်ဦးဦးသည် ဆန္ဒခံယူပွဲကျင်းပသော နေ့ရက်တွင် အကြောင်းတစ်စုံတစ်ရာကြောင့် ပေးအပ်သောတာဝန်ကို ဆောင်ရွက်ခြင်းမပြုနိုင်လျှင်ဖြစ်စေ၊ လစ်လပ်လျှင်ဖြစ်စေ ရပ်ရွာကကြည်ညိုလေးစားခြင်းခံရသည့်သင့်လျော်သောနိုင်ငံသားတစ်ဦးဦးကို အစားထိုး တာဝန်ပေးအပ်နိုင်သည်။ ယင်းသို့ တာဝန်ပေးအပ်ခြင်းကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အစီရင်ခံရမည်။

(ဃ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ ရရှိသောဆန္ဒမဲလက်မှတ်နှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို မဲရုံအဖွဲ့များသို့ လုံလောက်စွာ ခွဲဝေပေးခြင်း၊

(င) မဲပုံးများကို သတ်မှတ်ချက်များနှင့်အညီ ပြုလုပ်ခြင်း၊

(စ) မဲရုံအသီးသီးရှိ မဲပုံးများကို ယင်းမဲရုံ၌ပင်ဖွင့်ပြီး ဆန္ဒမဲများရေတွက်ရာတွင် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဆ) ဆန္ဒမဲပေးသူစာရင်း၊ ထောက်ခံမဲ၊ ကန့်ကွက်မဲ၊ ပယ်မဲ၊ လက်ခံရရှိသည့် ဆန္ဒမဲလက်မှတ်နှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို ခွဲခြား၍ သတ်မှတ်ချက်များနှင့်အညီ စာရင်းပြုစုပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ခြင်း၊

(ဇ) မိမိ၏ လုပ်ငန်းဆောင်ရွက်ချက်များကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အစီရင်ခံခြင်း၊

(ဈ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့်စပ်လျဉ်း၍ အခြားလိုအပ်သောကိစ္စရပ်များကို ဆောင်ရွက်ခြင်း။

## အခန်း (၅)
## မဲစာရင်းများပြုစုခြင်း

၁၁။ (က) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပသည့်နေ့ရက်တွင် အသက် ၁၈ နှစ်ပြည့်ပြီးဖြစ်သည့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူများသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသည်။ ယင်းဆန္ဒမဲပေးခွင့်ရှိသူတိုင်းကို မဲစာရင်းတွင် ထည့်သွင်းရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များနှင့်ညီညွတ်သော အောက်ပါပုဂ္ဂိုလ်များ၏ အမည်များကို မဲစာရင်းတွင် ထည့်သွင်းနိုင်ခွင့်ရှိသည် -

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သံတမန်များ၊ သံအဖွဲ့ဝင်များ၊ ကောင်စစ်အဖွဲ့ဝင်များနှင့် ယင်းတို့နှင့် အတူနေထိုင်သော မိသားစုဝင်များ၊

(၂) တပ်တွင်းတွင်နေထိုင်သော်လည်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပသည့် နေ့ရက်တွင် ဆန္ဒခံယူပွဲဒေသ၏ ပြင်ပသို့ တာဝန်ဖြင့် ရောက်ရှိနေသော တပ်မတော် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ဝင်များ၊ ယင်းတို့နှင့်လိုက်ပါ နေထိုင်သော မိသားစုဝင်များနှင့် မှီခိုသူများ၊

(၃) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ပြင်ပ၌ အလုပ်ဝတ္တရားဆောင်ရွက်ရန်အစိုးရက ခန့်အပ်ထားခြင်းခံရသူများနှင့် ယင်းတို့နှင့်အတူ လိုက်ပါနေထိုင်သော မိသားစုဝင်များ၊

(၄) နိုင်ငံခြားသို့ရောက်ရှိနေသော အစိုးရပညာတော်သင်များနှင့် ယင်းတို့နှင့်အတူ လိုက်ပါနေထိုင်သော မိသားစုဝင်များ၊

(၅) အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားတွင်ရောက်ရှိနေသော အခြားပုဂ္ဂိုလ်များ၊

(၆) တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံအသီးသီးတွင် ပညာသင်ကြားနေသော ကျောင်းသူ၊ ကျောင်းသားများ။

**ရှင်းလင်းချက်။** တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံဆိုသည်မှာ ကျောင်းသူ၊ ကျောင်းသားများပညာသင်ကြားရန် အစိုးရကဖွင့်လှစ်ထားသော သို့မဟုတ် အသိအမှတ်ပြုထားသော တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံများကိုဆိုသည်။ ယင်းစကားရပ်တွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာကျောင်းများ၊ လူမှုရေးကျောင်းများနှင့် ဂေဟာများ၊ တပ်မတော်ကဖွင့်လှစ်သော တက္ကသိုလ်များနှင့်ကျောင်းများလည်း ပါဝင်သည်။ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့်သိပ္ပံများတွင် ပညာသင်ကြားနေသောကျောင်းသူ၊ ကျောင်းသားများအနက် သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံဖွင့်လှစ်ထားသည့် ဒေသရှိ မဲစာရင်းတွင်ပါရှိသော ကျောင်းသူ၊ ကျောင်းသားများမှအပ အခြားဒေသမှ လာရောက်ပညာသင်ကြားနေသော ကျောင်းသူ၊ ကျောင်းသားများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆန္ဒမဲပေးခွင့်ရှိသည်။

(၇) ဆေးရုံသို့တက်ရောက်နေသော အတွင်းလူနာများနှင့်ယင်းတို့အား ပြုစုစောင့်ရှောက်နေသော တာဝန်ကျဝန်ထမ်းများ၊

(၈) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ တာဝန်ပေးချက်အရ မိမိတို့၏ အခြေစိုက်စခန်းမှ ခွဲခွာ၍ အခြားဒေသရှိ လုပ်ငန်းခွင်၌ ရောက်ရှိနေသူများ၊

(၉) ရဲစခန်းများနှင့် အကျဉ်းထောင်များရှိ အချုပ်သားများ။

(ဂ) မဲစာရင်းပြုစုရာတွင် အမြဲတမ်းနေထိုင်သည့် ဆန္ဒခံယူပွဲဒေသမှ အခြားဆန္ဒခံယူပွဲဒေသတစ်ခုသို့ တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပသည့်နေ့ရက်ကျော်လွန်သည်အထိ ယာယီလာရောက်အလုပ်လုပ်ကိုင်သူများကိုရောက်ရှိနေသော ဆန္ဒခံယူပွဲဒေသ၏ မဲစာရင်းတွင် ထည့်သွင်းနိုင်သည်။ ထိုပုဂ္ဂိုလ်များ၏ အမည်စာရင်းကို မူလနေထိုင်ရာ

ဆန္ဒခံယူပွဲဒေသရှိ မဲစာရင်းမှပယ်ဖျက်ရန် သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အကြောင်းကြားရမည်။

(ဃ) အောက်ပါပုဂ္ဂိုလ်များကို မဲစာရင်းတွင် ထည့်သွင်းခြင်းမပြုရ -

(၁) သာသနာ့ဝန်ထမ်းများ၊

(၂) သက်ဆိုင်ရာဥပဒေအရ စိတ်ပေါ့သွပ်နေသည်ဟု သတ်မှတ်ခြင်းခံရသူများ၊

(၃) ပြစ်မှုတစ်ခုခုကြောင့် တရားရုံး၏ အမိန့်၊ စီရင်ချက်အရ ထောင်ဒဏ်ကျခံနေရသူများ၊

(၄) ပြည်ပသို့ တရားမဝင်ရောက်ရှိနေသူများ၊

(၅) နိုင်ငံခြားသားများ။

၁၂။ (က) မဲစာရင်းကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများက မိမိတို့ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအလိုက် ပြုစုရမည်။

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသည် မိမိတို့၏ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သော ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)အရ ဆန္ဒမဲပေးခွင့်ရှိသူတိုင်း၏ အမည်ကို မဲစာရင်းတွင် ထည့်သွင်းရမည်။

(ဂ) ပုဒ်မခွဲ (က) အရ မဲစာရင်းပြုစုသည့်အခါ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ) တွင်ဖော်ပြထားသော ပုဂ္ဂိုလ်များ၏ အမည်ကို ယင်းတို့နေထိုင်သော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမဲစာရင်း၌ ထည့်သွင်းခြင်းမပြုရ။ အကယ်၍ ယင်းမဲစာရင်းတွင် ပါရှိနေလျှင် ထိုသူ၏ အမည်ကို မဲစာရင်းမှ ထုတ်ပယ်ရမည်။

(ဃ) ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ) တွင် အကျုံးဝင်သူများအတွက် မဲစာရင်းပြုစုရာတွင် ကော်မရှင်က ညွှန်ကြားသည့်အတိုင်း သင့်လျော်သော အဖွဲ့ဝင်အရေအတွက်ဖြင့် ဖွဲ့စည်းသည့် အောက်ပါအဖွဲ့များက ပြုစုရမည် -

(၁) နိုင်ငံခြားတွင်ရောက်ရှိနေသော ဆန္ဒမဲပေးခွင့်ရှိသူများနှင့် ယင်းတို့နှင့်အတူ နေထိုင်သော မိသားစုဝင်များအတွက် သက်ဆိုင်ရာ သံရုံးအကြီးအမှူးနှင့်အဖွဲ့ သို့မဟုတ် ကောင်စစ်ဝန်ရုံး အကြီးအမှူးနှင့်အဖွဲ့၊

(၂) တပ်တွင်းတွင် နေထိုင်သော်လည်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပသည့် နေ့ရက်တွင် ဆန္ဒခံယူပွဲဒေသ၏ ပြင်ပသို့တာဝန်ဖြင့် ရောက်ရှိနေသော တပ်မတော် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ဝင်များ၊ ယင်းတို့နှင့် လိုက်ပါနေထိုင်သော မိသားစုဝင်များနှင့် မှီခိုသူများအတွက် သက်ဆိုင်ရာ တပ်မှူးနှင့်အဖွဲ့၊

(၃) တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံအသီးသီးတွင် ပညာသင်ကြားလျက်ရှိကြသော ကျောင်းသူ၊ ကျောင်းသားများအတွက် တက္ကသိုလ်ဖြစ်လျှင် သက်ဆိုင်ရာတက္ကသိုလ်ပါမောက္ခချုပ်နှင့်အဖွဲ့၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့်သိပ္ပံဖြစ်လျှင် သက်ဆိုင်ရာကျောင်းအုပ်ကြီးနှင့်အဖွဲ့၊ လူမှုရေးကျောင်းဖြစ်လျှင် ယင်းကျောင်း၏အကြီးအမှူးနှင့်အဖွဲ့၊ ဂေဟာဖြစ်လျှင်ဂေဟာမှူးနှင့်အဖွဲ့၊

(၄) ဆေးရုံသို့တက်ရောက်နေသော အတွင်းလူနာများ၊ ယင်းတို့အား ပြုစုစောင့်ရှောက်သူများနှင့် တာဝန်ကျနေသော ဝန်ထမ်းများအတွက် ဆေးရုံအုပ်ကြီး သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်နှင့်အဖွဲ့၊

(၅) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ တာဝန်ပေးချက်အရ မိမိတို့၏ အခြေစိုက်စခန်းမှခွဲခွာ၍ အခြားဒေသရှိ လုပ်ငန်းခွင်၌ရောက်ရှိနေသူများအတွက် ယင်းလုပ်ငန်းခွင်အကြီးအမှူးနှင့်အဖွဲ့၊

(၆) ရဲစခန်းရှိ အချုပ်သားများအတွက် သက်ဆိုင်ရာရဲစခန်းမှူးနှင့်အဖွဲ့၊ အကျဉ်းထောင်ရှိ အချုပ်သားများတွက် သက်ဆိုင်ရာ ထောင်ပိုင်နှင့်အဖွဲ့။

( င) ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) အရ ဆန္ဒမဲပေးခွင့်ရှိသည့် တပ်မတော် ကြည်း၊ ရေ၊ လေတပ်ဖွဲ့ဝင်များနှင့် ယင်းတို့၏ မိသားစုဝင်များနှင့် မှီခိုသူများအတွက် မဲစာရင်းပြုစုရာတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသည် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(၁) မိမိတို့နှင့်သက်ဆိုင်သော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း အခြေစိုက်လျက်ရှိသည့် တပ်ရင်း၊ တပ်ဖွဲ့၊ တပ်ဌာနချုပ်များ၌ နေထိုင်ကြသော တပ်မတော်၊ ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ဝင်များ၊ ယင်းတို့မိသားစုဝင်များနှင့် မှီခိုသူများ၏ အမည်များကို သက်ဆိုင်ရာ တပ်မှူး၏ အကူအညီဖြင့် မဲစာရင်းတွင် ထည့်သွင်းခြင်း၊

(၂) သက်ဆိုင်ရာ တပ်တွင်း၌ မနေဘဲတပ်၏ပြင်ပ၌ နေထိုင်ကြသော တပ်မတော် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ဝင်များ၊ ယင်းတို့နှင့်အတူ နေထိုင်ကြသည့် မိသားစုဝင်များနှင့် မှီခိုသူများ၏ အမည်များကို ယင်းတို့နေထိုင်ရာ ဆန္ဒခံယူပွဲဒေသ၏ မဲစာရင်း၌ ထည့်သွင်းခြင်း။

၁၃။ (က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသည် မဲစာရင်းကို စစ်ဆေးခြင်း၊ ကြေညာခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့ကို ပြုလုပ်ရမည်။ သို့ရာတွင် မဲစာရင်း ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ အတည်ပြုချက်ကို ရယူရမည်။

(ခ) ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဃ) အရ ဖွဲ့စည်းထားသည့် အဖွဲ့များသည် မဲစာရင်းစစ်ဆေးခြင်း၊ ကြေညာခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် အတည်ပြုခြင်းတို့ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများကဲ့သို့ ဆောင်ရွက်ရမည်။

(ဂ) မဲစာရင်းနှင့်စပ်လျဉ်း၍ အငြင်းပွားလျှင် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့ အရ ဖွဲ့စည်းထားသောအဖွဲ့အတွက် ကော်မရှင်ထံမှလည်းကောင်း၊ အခြားအဖွဲ့များအတွက် ယင်းတို့နှင့် သက်ဆိုင်သော မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံမှလည်းကောင်း အတည်ပြုချက်ကို ရယူရမည်။ ကော်မရှင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

## အခန်း (၆)
## ဆန္ဒမဲပေးခြင်း

၁၄။ (က) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအတွက် ပြုစုသောမဲစာရင်း၌ ပါဝင်သူတိုင်းသည် ပြည်လုံးကျွတ်ဆန္ဒ ခံယူပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) ဆန္ဒမဲပေးခွင့်ရှိသူတစ်ဦးသည် မိမိ၏အမည်စာရင်းပါဝင်သည့် ဆန္ဒခံယူပွဲဒေသအတွင်းရှိ မဲရုံ၌သာ ဆန္ဒမဲပေးရမည်။

၁၅။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပမည့် မဲရုံတိုင်းတွင် ဆန္ဒမဲပေးသူများ လွယ်ကူစွာဆန္ဒမဲပေးနိုင်ရေး အတွက် အများမြင်သာသည့်နေရာတွင် သတ်မှတ်ထားသောမဲပုံးကို ထားရှိရမည်။

၁၆။ ဆန္ဒမဲပေးခွင့်ရှိသူတစ်ဦးသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် တစ်ကြိမ်သာ ကိုယ်တိုင်ဆန္ဒမဲ ပေးခွင့်ရှိသည်။

၁၇။ ဆန္ဒမဲပေးခွင့်ရှိသူတစ်ဦးသည် မဲရုံမှူးထံမှသော်လည်းကောင်း၊ မဲရုံမှူးက တာဝန်လွှဲအပ်ထားသူထံမှ သော်လည်းကောင်း ဆန္ဒမဲလက်မှတ်ကို ရယူ၍ မဲရုံအတွင်းရှိ သတ်မှတ်ထားသောနေရာတွင် လျှို့ဝှက် ဆန္ဒပြုပြီးနောက် မဲပုံးအတွင်းသို့ထည့်ရမည်။ ယင်းသို့ ဆန္ဒပြုစဉ် ဆန္ဒမဲလက်မှတ်တစ်စုံတစ်ရာ ပျက်စီး သွားပါက ပယ်မဲမဖြစ်စေရေးအတွက် မဲရုံမှူး သို့မဟုတ် မဲရုံမှူးက တာဝန်လွှဲအပ်ထားသူထံမှ ဆန္ဒမဲ လက်မှတ်အသစ်ကို ထပ်မံတောင်းယူ၍ ဆန္ဒမဲပေးနိုင်သည်။

၁၈။ အောက်ပါပုဂ္ဂိုလ်များသည် သတ်မှတ်ချက်များနှင့်အညီ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်သည် -

(က) နိုင်ငံခြားတွင် ရောက်ရှိနေသော ဆန္ဒမဲပေးခွင့်ရှိသူများ၊

(ခ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပသည့်နေ့ရက်တွင် မိမိနေထိုင်သော ဆန္ဒခံယူပွဲဒေသ၏ ပြင်ပသို့ ခရီးသွားရန်ရှိသော ဆန္ဒမဲပေးခွင့်ရှိသူများ၊

(ဂ) ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၂)၊ (၃)၊ (၄)၊ (၅) နှင့် (၆) တို့အရ ဖွဲ့စည်းသော အဖွဲ့များက ပြုစုထားသည့် မဲဆန္ဒရှင်များ၊

(ဃ) သက်ဆိုင်ရာဆန္ဒခံယူပွဲဒေသအတွင်း ရှိနေသော်လည်း အောက်ပါအကြောင်းတစ်ခုခုကြောင့် မဲရုံသို့ ကိုယ်တိုင်လာရောက် ဆန္ဒမဲမပေးနိုင်သူများ -

(၁) အနာကြီးရောဂါစွဲကပ်နေခြင်း၊

(၂) ရောဂါဝေဒနာပြင်းထန်စွာ ခံစားနေရခြင်း၊

(၃) အသက်အရွယ်ကြီးရင့်နေခြင်း၊

(၄) သားဖွားနေခြင်း၊

(၅) မသန်စွမ်းသူဖြစ်ခြင်း။

၁၉။ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ) တွင် ဖော်ပြထားသော ပုဂ္ဂိုလ်များအတွက် ဆန္ဒမဲပေးရန် နည်းလမ်းများမှာ ဤဥပဒေအရ ပြဋ္ဌာန်းသည့် နည်းဥပဒေများတွင် သတ်မှတ်ထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၇)
## ဆန္ဒမဲပေးခြင်းကို ရွှေ့ဆိုင်းခြင်းနှင့် ဖျက်သိမ်းခြင်း

၂၀။ (က) သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လုံခြုံရေးပျက်ပြားသည့် အခြေအနေကြောင့်ဖြစ်စေ၊ အခြားဘေးအန္တရာယ်တစ်ခုခုကြောင့်ဖြစ်စေ လွတ်လပ်၍ တရားမျှတသော ဆန္ဒခံယူပွဲကို တည်ငြိမ်စွာ ကျင်းပနိုင်ခြင်းမရှိလျှင် သက်ဆိုင်ရာမြို့နယ် ကော်မရှင်အဖွဲ့ခွဲသည် ဆန္ဒခံယူပွဲဒေသတစ်ခုလုံးနှင့် သက်ဆိုင်သော မဲရုံအားလုံးကိုဖြစ်စေ၊ မဲရုံအချို့ကိုဖြစ်စေ၊ မဲရုံတစ်ရုံကို ဖြစ်စေ ပုဒ်မ ၆၊ ပုဒ်မခွဲ (င) အရ သတ်မှတ်ထားသော ကာလအတွင်း ဆန္ဒမဲပေးနိုင်ရေးအတွက် သင့်လျော်သည့်နေ့ရက်သို့ တစ်ကြိမ်ရွှေ့ဆိုင်းနိုင်သည်။ ထို့ပြင် မဲရုံများကိုလည်း မိမိသင့်လျော်သည်ဟု ထင်မြင်သည့်နေရာသို့ ချက်ချင်းရွှေ့ပြောင်းနိုင်သည်။ ယင်းသို့ ရွှေ့ဆိုင်းခြင်းနှင့် ရွှေ့ပြောင်းခြင်းကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲနှင့် ခရိုင်ကော်မရှင်အဖွဲ့ခွဲသို့တင်ပြပြီး မိတ္တူကို ကော်မရှင်၊ နေပြည်တော်ကောင်စီနယ်မြေကော်မရှင်အဖွဲ့ခွဲနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကော်မရှင်အဖွဲ့ခွဲများသို့ တင်ပြရမည်။

(ခ) မဲရုံတစ်ရုံရုံတွင် ဆန္ဒမဲပေးရန်သတ်မှတ်ထားသောနေ့ရက်၌ ဆန္ဒမဲပေးခွင့်ရှိသူများက ပုဒ်မခွဲ (က) ပါ အကြောင်းတစ်စုံတစ်ရာကြောင့် ဆန္ဒမဲပေးခြင်းမပြုလုပ်နိုင်လျှင် မဲရုံအဖွဲ့သည် ဆန္ဒမဲပေးခြင်းကို ရွှေ့ဆိုင်းကြောင်း ကြေညာရမည်။ ဆန္ဒမဲပေးနေစဉ်ရွှေ့ဆိုင်းရလျှင် မဲရုံအဖွဲ့သည် ဆန္ဒမဲပေးခွင့်ရှိသူ ငါးဦး၏ရှေ့မှောက်တွင် မဲပုံးများကို လုံခြုံစွာပိတ်ထားပြီး ယင်းဖြစ်စဉ်ကို သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသို့ ချက်ချင်းတင်ပြရမည်။ ယင်းကော်မရှင်အဖွဲ့ခွဲသည် မိမိ၏ ထောက်ခံချက်နှင့်အတူ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အစီရင်ခံရမည်။

(ဂ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် ရွှေ့ဆိုင်းလိုက်ကြောင်း ကြေညာခဲ့သည့် မဲရုံတွင် ဆန္ဒမဲပေးရန်ကျန်နေသည့် ဆန္ဒမဲပေးခွင့်ရှိသူများ ဆန္ဒမဲပေးရန် နေ့ရက်နှင့်နေရာကို ပုဒ်မ ၆၊ ပုဒ်မခွဲ (င) အရ သတ်မှတ်ထားသော ကာလအတွင်းမှ ရက်တစ်ရက်သတ်မှတ်၍ ကြေညာပေးရမည်။

(ဃ) ရွှေ့ဆိုင်းလိုက်သည့် နေ့ရက်တွင် ဆန္ဒမဲပေးရာ၌ မဲပုံးအသစ်ကို အသုံးပြုရမည်။

၂၁။ (က) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအတွက် ဆန္ဒမဲပေးခြင်းကို ပုဒ်မ ၂၀၊ ပုဒ်မခွဲ (က) ပါ အကြောင်းတစ်ခုခုကြောင့် ဖျက်သိမ်းရန် အခြေအနေဖြစ်ပေါ်လာပါက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် ယင်း၏ဆန္ဒခံယူပွဲဒေသအတွင်းရှိ မဲရုံအချို့ကိုဖြစ်စေ၊ မဲရုံအားလုံးကိုဖြစ်စေ ဖျက်သိမ်းနိုင်သည်။ ယင်းသို့ အခြေအနေဖြစ်ပေါ်လာပါက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် မိမိ၏ ဆောင်ရွက်ချက်ကို သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ချက်ချင်းတင်ပြရမည်။

(ခ) ပုဒ်မခွဲ (က) အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ၏ တင်ပြချက်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲနှင့် ခရိုင်ကော်မရှင်အဖွဲ့ခွဲသို့ အစီရင်ခံပြီး မိတ္တူကို ကော်မရှင်၊ နေပြည်တော်ကောင်စီနယ်မြေနှင့်သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများသို့ ပေးပို့ရမည်။

(ဂ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအတွက် ဆန္ဒမဲပေးခြင်းကို ပုဒ်မ ၂၀၊ ပုဒ်မခွဲ (က) ပါ အကြောင်းတစ်ခုခုကြောင့် ဖျက်သိမ်းရန်အခြေအနေဖြစ်ပေါ်လာပါက မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မိမိမြို့နယ်အတွင်းရှိ ဆန္ဒခံယူပွဲဒေသတစ်ခုကိုဖြစ်စေ၊ သတ်မှတ်ထားသော ဆန္ဒခံယူပွဲဒေသအားလုံး၏ ထက်ဝက်အထိကိုဖြစ်စေဖျက်သိမ်းနိုင်သည်။ အကယ်၍ဆန္ဒခံယူပွဲဒေသအားလုံး၏ ထက်ဝက်ကျော်ကို ဖျက်သိမ်းရန် အခြေအနေဖြစ်ပေါ်လာပါက မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မိမိ၏ ထောက်ခံချက်နှင့်အတူ သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲ၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲ၊ နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများသို့ ချက်ချင်းအစီရင်ခံရမည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ ထောက်ခံတင်ပြချက်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲက အဆုံးအဖြတ်ပေးရမည်။ ယင်းဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသည် ထိုသို့ ဖျက်သိမ်းရန် ဆုံးဖြတ်ကြောင်းကို ကော်မရှင်သို့ အစီရင်ခံ၍ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲ၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ မိတ္တူပေးပို့ရမည်။

## အခန်း (၈)

## ဆန္ဒမဲရေတွက်ခြင်း

၂၂။ (က) မဲရုံတွင် မဲရုံပိတ်ပြီးသည်နှင့် တစ်ပြိုင်နက် မဲရုံအဖွဲ့သည် -

(၁) ၁၀ ဦးအောက်မနည်းသော ဆန္ဒမဲပေးခွင့်ရှိသူတို့၏ ရှေ့မှောက်တွင် မဲပုံးများကို စစ်ဆေးပြီးနောက် ယင်းမဲပုံးများကိုဖွင့်၍ ဆန္ဒမဲများကို ရေတွက်ရမည်။ ယင်းသို့ ရေတွက်ရာ၌ ထောက်ခံမဲ၊ ကန့်ကွက်မဲနှင့် ပယ်မဲများကို ခွဲခြားရေတွက်ရမည်။

(၂) ကျန်ရှိနေသေးသော ဆန္ဒမဲပေးခွင့်ရှိသူများထံမှ ဆန္ဒမဲကို ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ဂ) အရ ရွေးဆိုင်းသတ်မှတ်သော နေ့ရက်တွင် ဆက်လက်ရယူရမည်။ ထိုဆန္ဒမဲ ရယူသည့် မဲရုံ ပိတ်ပြီးမှသာလျှင် ယင်းမဲရုံမှ ဆန္ဒမဲများကို ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ လုံခြုံစွာပိတ်ထားသော မဲပုံးများရှိ ဆန္ဒမဲများနှင့်ပေါင်း၍ ရေတွက်ရမည်။

(၃) ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ဂ) အရ ရွေးဆိုင်းသတ်မှတ်သော နေ့ရက်တွင်လည်း ဆန္ဒမဲပေးခြင်း မပြုလုပ်နိုင်လျှင် ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ခ) အရ လုံခြုံစွာပိတ်ထားသော မဲပုံးများရှိ ဆန္ဒမဲ များကိုသာ ရေတွက်ရမည်။

(၄) ပုဒ်မခွဲငယ် (၁) နှင့်အညီ ဆန္ဒမဲများကို ရေတွက်ပြီးသောအခါ မဲစာရင်းပါ ဆန္ဒမဲပေးသူ စာရင်း၊ ထောက်ခံမဲ၊ ကန့်ကွက်မဲ၊ ပယ်မဲ၊ လက်ခံရရှိသည့် ဆန္ဒမဲလက်မှတ်နှင့် လက်ကျန် ဆန္ဒမဲ လက်မှတ်တို့၏ စာရင်းများကို သီးခြားပြုစုပြီး ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၄) အရ ပေးပို့သည့် စာရင်းများကို မဲရုံအလိုက် စုစည်းပြီး စာရင်းချုပ်ပြုစု၍လည်းကောင်း၊ လက်ခံ ရရှိထားသော ကြိုတင်ဆန္ဒမဲလက်မှတ်များကိုလည်းကောင်း အစီရင်ခံစာနှင့်အတူ သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။

(ဂ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် -

(၁) ပုဒ်မခွဲ (ခ) အရ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများက ပေးပို့သည့် စာရင်းများကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအလိုက် စုစည်း၍ ပြုစုသော စာရင်း၊

(၂) ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၂)၊ (၃)၊ (၄)၊ (၅) နှင့် (၆) တို့အရ ဖွဲ့စည်းသော အဖွဲ့များက ပေးပို့သည့် ကြိုတင်ဆန္ဒမဲလက်မှတ်များနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများက ပေးပို့သည့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို ရေတွက်ပြီး ရရှိသည့် စာရင်းများကိုလည်းကောင်း၊ ပုဒ်မခွဲငယ် (၁) ပါ စာရင်းများကိုလည်းကောင်း စုပေါင်းပြုစု ထားသော စာရင်းတို့ကို အစီရင်ခံစာနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေကော်မရှင် အဖွဲ့ခွဲ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။ ယင်းမိတ္တူကို ကော်မရှင်နှင့် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ကော်မရှင်အဖွဲ့ခွဲနှင့် သက်ဆိုင်ရာခရိုင်ကော်မရှင်အဖွဲ့ခွဲများသို့ ပေးပို့ရမည်။

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသည် ပုဒ်မခွဲ (ဂ) အရ မြို့နယ်ကော်မရှင် အဖွဲ့ခွဲများက ပေးပို့သော မဲစာရင်းများကို စုစည်း၍ ကော်မရှင်သို့ ပေးပို့ရမည်။

(င) ကော်မရှင်သည် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၁) အရ ဖွဲ့စည်းထားသော အဖွဲ့များက ပေးပို့သည့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို ထောက်ခံမဲ၊ ကန့်ကွက်မဲနှင့် ပယ်မဲများ ခွဲခြား၍ ရေတွက်ရမည်။

## အခန်း (၉)

## ဆန္ဒမဲများကြေညာခြင်း

၂၃။ ကော်မရှင်သည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီးစီးသည့်အခါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကော်မရှင်အဖွဲ့ခွဲများက ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဃ) အရ ပေးပို့တင်ပြသော ဆန္ဒမဲစာရင်းများနှင့် ပုဒ်မ ၂၂၊

ပုဒ်မခွဲ (င) အရ ကော်မရှင်က ရေတွက်ရရှိထားသော ကြိုတင်ဆန္ဒမဲလက်မှတ်စာရင်းများကို တစ်ပေါင်းတည်း စာရင်းချုပ်၍ ဆန္ဒမဲပေးခွင့်ရှိသူဦးရေ၊ ဆန္ဒမဲပေးသူဦးရေ၊ ထောက်ခံဆန္ဒမဲပေးသူဦးရေနှင့် ယင်းတို့၏ နှိုင်းယှဉ်ချက်ကို ရာခိုင်နှုန်းဖြင့် ကြေညာရမည်။

၂၄။ ကော်မရှင်သည် ပုဒ်မ ၂၃ အရ ဆန္ဒမဲရရှိမှု အခြေအနေကို ကြေညာပြီးနောက် ပြည်ထောင်စု လွှတ်တော်သို့ အစီရင်ခံစာ တင်သွင်းရမည်။ ထို့ပြင် အစိုးရအဖွဲ့သို့လည်း တင်ပြရမည်။

## အခန်း (၁၀)
## တားမြစ်ချက်နှင့် ပြစ်ဒဏ်

၂၅။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့်စပ်လျဉ်း၍ မည်သူမျှ အောက်ပါတို့ကို မပြုရ -

(က) တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း၊

(ခ) ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်အတုကို လက်ဝယ်ထားရှိခြင်း၊

(ဂ) ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို ဖျက်ဆီးခြင်း၊

(ဃ) ဆန္ဒမဲလက်မှတ်ကို မဲရုံပြင်ပသို့ တမင်ကြံရွယ်ချက်ဖြင့် ယူဆောင်သွားခြင်း၊

(င) မဲပုံးကို အခွင့်အာဏာမရှိဘဲဖွင့်ခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ထိခိုက် စေခြင်း၊

(စ) မဲရုံကို ဖျက်ဆီးခြင်း၊

(ဆ) ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများက ထုတ်ပြန်ထားသောစာရင်း၊ အကြောင်းကြားစာ သို့မဟုတ် အခြားစာရွက်စာတမ်းများကို ဖတ်ရှု၍မရစေရန် တမင်ကြံရွယ်ချက်ဖြင့် ပြုလုပ်ခြင်း သို့မဟုတ် ဖျက်ဆီးခြင်း၊

(ဇ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ပျက်ပြားစေရန် မဲရုံအတွင်း၌ဖြစ်စေ၊ သတ်မှတ်ထားသော မဲရုံပရဝဏ် အတွင်း၌ဖြစ်စေ၊ အများပြည်သူတို့နှင့် သက်ဆိုင်သော နေရာ၌ဖြစ်စေ၊ ပုဂ္ဂလိကပိုင်နေရာ၌ဖြစ်စေ ဟောပြောခြင်း၊ စာရွက်စာတမ်းကမ်းလှမ်းခြင်း၊ ပိုစတာများအသုံးပြုခြင်း သို့မဟုတ် ဆန္ဒမဲပေးခြင်းကို အခြားတစ်နည်းနည်းဖြင့် နှောင့်ယှက်ခြင်း။

၂၆။ မည်သူမဆို ပုဒ်မ ၂၅ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း၊ ယင်းသို့ ဖောက်ဖျက်ရန် အားထုတ်ကြောင်း၊ ဖောက်ဖျက်ရန် ပူးပေါင်းကြံစည်၍ ပြစ်မှုမြောက်သော ပြုလုပ်မှုတစ်ခုခုကို ပြုလုပ်ကြောင်း သို့မဟုတ် ဖောက်ဖျက်ရာတွင် အားပေးကူညီကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ် ရမည်။

## အခန်း (၁၁)
## ဘဏ္ဍာရေးနှင့် ဝန်ထမ်းအကူအညီရယူခြင်း

၂၇။ (က) ကော်မရှင်သည် -

(၁) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးအတွက် ခန့်မှန်းခြေကုန်ကျစရိတ်ကို တွက်ချက်ပြီး အစိုးရ အဖွဲ့သို့ တင်ပြတောင်းခံသုံးစွဲရမည်။

(၂) ပုဒ်မခွဲငယ် (၁) အရ တောင်းခံရရှိသော ငွေအနက် ကော်မရှင်အဖွဲ့ခွဲများသို့ သင့်လျော် သလို ခွဲဝေပေးရမည်။

(ခ) ကော်မရှင်အဖွဲ့ခွဲများသည် -

(၁) ပုဒ်မခွဲ (က) အရ ကော်မရှင်ထံမှ ခွဲဝေရရှိသောငွေကို ကော်မရှင်က ညွှန်ကြားသည့်အတိုင်း သုံးစွဲ၍ စာရင်းများကို စနစ်တကျထားရှိရမည်။

(၂) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပြီးစီးသောအခါ ကော်မရှင်အဖွဲ့ခွဲများသည် မိမိတို့၏ ငွေစာရင်းရှင်းတမ်းများကို ကော်မရှင်သို့ ပေးပို့ရမည်။

၂၈။ ကော်မရှင်သည် ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများအတွက် လိုအပ်သော ဝန်ထမ်းများနှင့် ပစ္စည်း အကူအညီတို့ကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများထံမှ ညှိနှိုင်းရယူနိုင်သည်။

## အခန်း (၁၂)
## အထွေထွေ

၂၉။ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်သူများ၊ ကော်မရှင်၏ တာဝန်ပေးချက်အရ တာဝန်ထမ်းဆောင်သူများနှင့် မဲရုံအဖွဲ့ဝင်များသည် ဤဥပဒေအရ ပေးအပ်သော တာဝန်ကို ထမ်းဆောင် ချိန်တွင် ရာဇသတ်ကြီးပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၃၀။ (က) ကော်မရှင်အဖွဲ့ခွဲတစ်ခုခုတွင် တစ်စုံတစ်ရာသော အကြောင်းကြောင်းကြောင့် အဖွဲ့ဝင်နေရာ လစ်လပ်ခဲ့လျှင် အောက်ပါကော်မရှင် သို့မဟုတ် ကော်မရှင်အဖွဲ့ခွဲက အစားထိုးခန့်ထား နိုင်သည် -

(၁) နေပြည်တော်ကောင်စီနယ်မြေကော်မရှင်အဖွဲ့ခွဲနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကော်မရှင်အဖွဲ့ခွဲ၏ အဖွဲ့ဝင်နေရာဖြစ်ပါက ကော်မရှင်၊

(၂) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲ၊ ခရိုင် ကော်မရှင်အဖွဲ့ခွဲနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ အဖွဲ့ဝင်နေရာဖြစ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၊

(၃) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ၏ အဖွဲ့ဝင်နေရာဖြစ်ပါက သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ။

(ခ) ကော်မရှင် သို့မဟုတ် ကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်နေရာလစ်လပ်ခြင်းကြောင့် ကော်မရှင် သို့မဟုတ် ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်းမရှိစေရ။

၃၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၁၅)**

၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်

( ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက် )

**သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျွမ်းသစ္စာများနှင့်အခကြေးငွေများ) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **သံအရာရှိများနှင့်ကောင်စစ်အရာရှိများ (ကျွမ်းသစ္စာများနှင့် အခကြေးငွေများ) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျွမ်းသစ္စာများနှင့် အခကြေးငွေများ) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃ ။)**

၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်

(၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျွမ်းသစ္စာများနှင့်အခကြေးငွေများ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ သံအရာရှိများနှင့်ကောင်စစ်အရာရှိများ(ကျွမ်းသစ္စာများနှင့် အခကြေးငွေများ) အက်ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

(က) **"သံအရာရှိ"** ဆိုရာတွင် သံအမတ်ကြီး၊ သံအမတ်၊ သံမှူးကြီး၊ သံမှူး၊ သံရုံး၏ အတွင်းဝန်နှင့် သံရုံးယာယီတာဝန်ခံတို့ ပါဝင်သည်။

(ခ) **"ကောင်စစ်အရာရှိ"** ဆိုရာတွင် ကောင်စစ်ဝန်ချုပ်၊ ကောင်စစ်ဝန်၊ ဒုတိယကောင်စစ်ဝန်တို့ ပါဝင်သည့်အပြင် ထိုပုဂ္ဂိုလ်တစ်ဦးဦး၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရန် အာဏာလွှဲအပ်ခြင်းခံရသော အခြားပုဂ္ဂိုလ်လည်း ပါဝင်သည်။

၃။ သံအရာရှိများနှင့်ကောင်စစ်အရာရှိများ (ကျွမ်းသစ္စာများနှင့်အခကြေးငွေများ) အက်ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (၁) တွင်ပါဝင်သော "တိုင်းတစ်ပါးတွင်ဖြစ်စေ၊ အရပ်တစ်ပါးတွင်ဖြစ်စေ" ဆိုသည့်စကားရပ်ကို "နိုင်ငံအတွင်းတွင်ဖြစ်စေ၊ နိုင်ငံပြင်ပတွင်ဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ သံအရာရှိများနှင့်ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများနှင့်အခကြေးငွေများ) အက်ဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (၁) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၇။(၁) နိုင်ငံခြားရေးဝန်ကြီးဌာနသည် ဤအက်ဥပဒေပါ ကိစ္စရပ်များကိုဆောင်ရွက်ရန်အလို့ငှာ -

(က) လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၁၅)

၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်
( ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက် )

**ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့်ကင်းလွတ်ခွင့်များ) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၄။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

## (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄ ။)

၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်
(၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေပုဒ်မ ၃ တွင်ပါရှိသော "ပြည်ထောင်အချင်းချင်း သဘောတူစာချုပ်၊ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၊ သို့တည်းမဟုတ် အခြားစာချုပ်စာတမ်း" ဆိုသည့် စကားရပ်ကို "အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာ စာချုပ်များ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေ ပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄။ နိုင်ငံခြားရေးဝန်ကြီးဌာနသည် ဤအက်ဥပဒေပါ ကိစ္စရပ်များကိုဆောင်ရွက်ရန်အလို့ငှာ -

(က) လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

၄။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေဇယား၊ Article-1 ၏ Section-1 တွင်ပါရှိသော "Judicial" ဆိုသည့်စကားရပ်ကို "juridical" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၁၅)**

၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်

( ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် )

**အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း** အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)
## (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်    ။)

၁၃၇၆ ခုနှစ်၊ လ ရက်
( ၂၀၁၅ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေကို နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးသည့်နေ့တွင် အတည်ဖြစ်သည်။

၂။ အမျိုးသားပညာရေး ဥပဒေ ပုဒ်မ ၂ (ဂ) ကို ပယ်ဖျက်သည်။

၃။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၂ (ဆ) ကို အောက်ပါအတိုင်း အစားထိုးရမည်။

"အမျိုးသားပညာရေးဆိုသည်မှာ နိုင်ငံတော်ရှိ တိုင်းရင်းသားအားလုံး၏ ဘာသာစကား စာပေယဉ်ကျေးမှု အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်များ၏ အနှစ်သာရများကို တန်ဖိုးထား ထိန်းသိမ်းမြှင့်တင်ပြီး လွတ်လပ်စွာတွေးခေါ်၍ အကျင့်စာရိတ္တကောင်းမွန်သောလူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ရေး နှင့် ခေတ်စနစ်၏ လိုအပ်ချက်နှင့်အညီ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးသို့ ပို့ဆောင်နိုင်စွမ်းရှိသည့် ပညာရေးကို ဆိုသည်။"

၄။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၂ (ည) ကို အောက်ပါအတိုင်း အစားထိုးရမည်။

"ကျောင်းပညာရေးဆိုသည်မှာ မူကြိုပညာရေး မူလတန်းပညာရေး၊ အလယ်တန်းပညာရေး၊ အထက်တန်း ပညာရေး၊ နည်းပညာနှင့်သက်မွေးပညာရေးနှင့် အဆင့်မြင့်ပညာရေးတို့ အကျုံးဝင်သည့် ပညာရေးကို ဆိုသည်။"

၅။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၂ (ဓ) ကို အောက်ပါအတိုင်း အစားထိုးရမည်။

"အဆင့်မြင့်ပညာရေးဆိုသည်မှာ အခြေခံပညာရေး၏ အမြင့်ဆုံးအဆင့် သို့မဟုတ် ယင်းနှင့်တူညီသော အဆင့်အောင်မြင်ပြီးသူများကို ကျောင်းတစ်ခုခုမှလေ့ကျင့်သင်ကြားပေးသည့်ပညာရေးကို ဆိုသည်။"

၆။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၂ (ဘ) ကို အောက်ပါအတိုင်း အစားထိုးရမည်။

"အထူးပညာရေးအစီအစဉ်ဆိုသည်မှာ မသန်စွမ်းတစ်ဦးချင်းစီ၏ သီးခြားလိုအပ်ချက်များကို ဖြည့်ဆည်း နိုင်ရန်အတွက် သင့်လျော်သော သင်ကြားနည်းစနစ်များကို ပညာသင်ပေးခြင်းကို ဆိုသည်။"

၇။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၂ (ယ) ကို အောက်ပါအတိုင်း အစားထိုးရမည်။

"အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီဆိုသည်မှာ နိုင်ငံတော်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ပညာရေးမူဝါဒများ၊ စီမံကိန်းများ၊ ပညာရေးအမျိုးအစားများနှင့် ပညာရေးအဆင့်အသီးသီး၏ အရည်အသွေးအာမခံမှုကို အကဲဖြတ် ဆောင်ရွက်ရန် လွတ်လပ်သောပညာရှင်များပါဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကို ဆိုသည်။"

၈။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၂ (ရ) ကို အောက်ပါအတိုင်း အစားထိုးရမည်။

"အရည်အသွေးအာမခံမှုဆိုသည်မှာ ကျောင်းနှင့်ယင်းကျောင်းရှိ သင်ကြားသင်ယူမှု အစီအစဉ်များသည် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီက ချမှတ်ထားသော

စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုအခြေအနေကို အမြဲမပြတ် စိစစ်အကဲဖြတ်ခြင်းဖြင့် အရည်အသွေးအဆင့် သတ်မှတ်ခြင်းနှင့် အာမခံချက်ပေးခြင်းကို ဆိုသည်။"

၉။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၂ (သ) ကို အောက်ပါအတိုင်း အစားထိုးရမည်။

"ကျောင်းအုပ်ချုပ်ရေးအဖွဲ့ဆိုသည်မှာ ကျောင်းများတွင် ကျောင်းအုပ်ကြီး၊ ဆရာသမဂ္ဂကိုယ်စားလှယ်များ၊ ကျောင်းသားမိဘ (သို့မဟုတ်) အုပ်ထိန်းသူကိုယ်စားလှယ်များ၊ ရပ်ရွာမှ လေးစားယုံကြည်သူများ ပါဝင်သောအဖွဲ့ကို ဆိုသည်။"

၁၀။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၂ (ဟ) ကို အောက်ပါအတိုင်း အစားထိုးရမည်။

တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီဆိုသည်မှာ တက္ကသိုလ်နှင့်ကောလိပ်များမှ ဘာသာရပ်ဆိုင်ရာပါမောက္ခများ၊ စီမံခန့်ခွဲရေးနှင့်ဘဏ္ဍာရေးဆိုင်ရာတာဝန်ရှိသူများ၊ တက္ကသိုလ်ကောလိပ်ဆရာသမဂ္ဂများ၏ ကိုယ်စားလှယ်များ၊ ကျောင်းသားသမဂ္ဂကိုယ်စားလှယ်များ၊ နိုင်ငံ့ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်များနှင့်လွတ်လပ်သောပညာရှင်များ ပါဝင်သည့် ကောင်စီဖြစ်သည်။

၁၁။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၂ (အ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်မည်။

"လူတိုင်းအကျုံးဝင်ပညာရေးဆိုသည်မှာ မသန်စွမ်းသူများအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့်မရရှိသူများကို ကျောင်းပညာရေး သို့မဟုတ် ကျောင်းပြင်ပပညာရေးတစ်ခုခုတွင် ပညာသင်ယူဆည်းပူးခွင့်ရရှိစေရန် အခွင့်အလမ်းဖန်တီးပေးသည့် အစီအစဉ်ကို ဆိုလိုသည်။"

၁၂။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၃ (ဇ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်မည်။

"နိုင်ငံသားများ၏မွေးရာပါအခွင့်အရေးဖြစ်သော ပညာသင်ယူခွင့်သည်ကွဲပြားခြားနားမှုကိုအခြေမခံစေဘဲ နိုင်ငံသားတိုင်း ခံစားရရှိစေရေး ကာကွယ်ပေးရန်နှင့် သေချာမှုရှိစေရန်"

၁၃။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၄ (က)၊ (ခ)၊ (ဂ) နှင့် (ဃ) တို့အား အောက်ပါအတိုင်း အစားထိုးမည်။

"(က) နိုင်ငံတော်သည် ပညာရေးလွတ်လပ်ခွင့်ကို အာမခံရေး။"

"(ခ) ပညာရေးလွတ်လပ်ခွင့်တွင် ကျောင်းသားများ လွတ်လပ်ခွင့်၊ ဆရာများလွတ်လပ်ခွင့်၊ သင်ရိုးညွှန်းတမ်းလွတ်လပ်ခွင့်၊ ဘာသာစကားလွတ်လပ်ခွင့်၊ အတွေးအခေါ်လွတ်လပ်ခွင့်၊ ဒေသဆိုင်ရာလွတ်လပ်ခွင့်၊ ကျောင်းများလွတ်လပ်ခွင့် စသည်တို့ပါဝင်ရေး။"

(ဂ) "ပညာရေးမူဝါဒများ၊ နည်းဥပဒေများ၊ ဆက်စပ်ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြေညာစာများ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများရေးဆွဲအတည်မပြုမီ ကျောင်းသားသမဂ္ဂကိုယ်စားလှယ်များ၊ ဆရာသမဂ္ဂကိုယ်စားလှယ်များ၊ မိဘများ၊ လွတ်လပ်သော ပညာရှင်များ၊ ပညာရေးဆိုင်ရာတွင် အရပ်ဘက်အဖွဲ့အစည်းများ၏ အကြံပြုချက်များကို ရယူထည့်သွင်းရေး။"

(ဃ) "ကျောင်းသားသမဂ္ဂများ၊ ဆရာသမဂ္ဂများ လွတ်လပ်စွာဖွဲ့စည်းထူထောင်လှုပ်ရှားခွင့်ရှိရေး။"

၁၄။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၄ ပုဒ်မခွဲ (က) အား (င) အဖြစ်လည်းကောင်း၊ ပုဒ်မခွဲ (ခ) အား ပုဒ်မခွဲ (စ) အဖြစ်လည်းကောင်း ပြန်လည်အမှတ်စဉ်ရမည်။

၁၅။ အမျိုးသားပညာရေးဥပဒေပါ မူလ ပုဒ်မ ၄ ပုဒ်မခွဲ (ဂ) အား ပုဒ်မ ၄ ပုဒ်မခွဲ (ဆ) အဖြစ် အောက်ပါအတိုင်း အစားထိုးရမည်။

"ကျောင်းနေအရွယ်ကလေးသူငယ်နှင့်လူငယ်အားလုံးပညာသင်ခွင့်ရရေးအတွက် မသန်စွမ်းသူနိုင်ငံသားများ အပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့်မရရှိသူများကို ပညာရေးအဆင့်တိုင်းတွင် ပညာသင်ယူခွင့်ရရှိစေရန် အထူးပညာရေး အစီအစဉ်နှင့် ပညာရေးအထူးဝန်ဆောင်မှုအစီအစဉ်များ အပါအဝင် လူတိုင်းအကျုံးဝင်ပညာရေး အစီအစဉ်ထားရှိရေး"

၁၆။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၄ ပုဒ်မခွဲ (ဃ) အား (ဈ) အဖြစ်လည်းကောင်း၊ ပုဒ်မခွဲ (င) အား (ဈ) အဖြစ်လည်းကောင်း၊ ပုဒ်မခွဲ (စ) အား (ည) အဖြစ်လည်းကောင်း၊ ပုဒ်မခွဲ (ဆ) အား (ဋ) အဖြစ်လည်းကောင်း ပြန်လည်အမှတ်စဉ်ရမည်။

၁၇။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၄ ပုဒ်မခွဲ (ဇ) အား ပုဒ်မခွဲ (ဌ) အဖြစ် အောက်ပါအတိုင်း အစားထိုးမည်။

"တက္ကသိုလ်ဝင်ခွင့်အတွက် သင်ယူလိုသည့်ဘာသာရပ်နှင့် တက္ကသိုလ်ကို ကျောင်းသားကိုယ်တိုင် ဆုံးဖြတ်ရွေးချယ်ခွင့်ရှိရန် တက္ကသိုလ်ဝင်ခွင့်သည် အခြေခံပညာအထက်တန်းစာမေးပွဲရမှတ်ဖြင့် ဆုံးဖြတ်ခြင်း မဟုတ်ဘဲ သင်ယူမည့် ဘာသာရပ်၏ လိုအပ်ချက်အရ ကျောင်းသားများ၏ လေ့လာသင်ယူထားရှိမှု အပေါ် အခြေခံရွေးချယ်ရန်၊ ကျောင်းသား၏ ဘာသာရပ်ဆိုင်ရာလိုအပ်ချက်များကို တက္ကသိုလ်က ဖြည့်ဆည်းပေးသည့်စနစ်ထားရှိရေး။"

၁၈။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၄ ပုဒ်မခွဲ (ဈ)အား ပုဒ်မခွဲ (ဍ) အဖြစ် အောက်ပါအတိုင်း အစားထိုးမည်။

"ပညာရေးသည် ဘာသာရေးအဖွဲ့အစည်း နိုင်ငံရေးအဖွဲ့အစည်းတို့၏ လွှမ်းမိုးမှုမှကင်းလွတ်ရမည်။ လွတ်လပ်စွာကိုးကွယ်ခွင့် နိုင်ငံရေးယုံကြည်ခွင့်နှင့် လူ့ဂုဏ်သိက္ခာကိုတန်ဖိုးထားမည်။"

၁၉။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၄ ပုဒ်မခွဲ (ည) အား ပုဒ်မခွဲ (ဎ) အဖြစ်အောက်ပါအတိုင်း အစားထိုးမည်။

"အခမဲ့မသင်မနေရ အလယ်တန်းပညာရေးကို အကောင်အထည်ဖော်ရေး"

၂၀။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၄ ပုဒ်မခွဲ (ဋ) အား ပုဒ်မခွဲ (ဏ)အဖြစ်လည်းကောင်း၊ ပုဒ်မခွဲ (ဌ) အား ပုဒ်မခွဲ (တ) အဖြစ်လည်းကောင်း ပြန်လည်အမှတ်စဉ်ရမည်။

၂၁။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၄ ပုဒ်မခွဲ (ဍ) အား ပုဒ်မခွဲ (ထ) အဖြစ် အောက်ပါအတိုင်း အစားထိုးမည်။

"ဗဟိုချုပ်ကိုင်မှု လျှော့ချသည့် ပညာရေးစနစ်ကိုကျင့်သုံးရေး။"

၂၂။ အမျိုးသားပညာရေးဥပဒေ အခန်း (၄) ၏ ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးသည်။

"ဒီမိုကရေစီပညာရေး လွတ်လပ်ခွင့်ကို အာမခံခြင်း"

(က) ကျောင်းသားများသည်

(ကက) ကျောင်းသားသမဂ္ဂများကို ကျောင်းသူ/သားများကိုယ်တိုင် လွတ်လပ်စွာဖွဲ့စည်း ထူထောင်လှုပ်ရှားခွင့်ရှိရမည်။

(ခခ) သမဂ္ဂအဆောက်အဦများကို တက္ကသိုလ်အသီးသီး၏ ပရဝဏ်အတွင်းတွင် တက္ကသိုလ် ရန်ပုံငွေဖြင့် ကျခံတည်ဆောက်ရမည်။

(ဂဂ) အခြေခံပညာပြီးဆုံးသည့် ကျောင်းသူ/သားများအားလုံး အဆင့်မြင့်ပညာကဏ္ဍတွင် လွတ်လပ်စွာ ဘာသာရပ်ရွေးချယ်သင်ယူခွင့်ရှိမည်။

(ဃဃ) ကျောင်းသားများသည် လွတ်လပ်စွာ စဉ်းစားတွေးခေါ်ခွင့် လွတ်လပ်စွာ စုဝေးခွင့်၊ လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုပိုင်ခွင့်ရှိသည်။

(ငင) ကျောင်းအုပ်ချုပ်ရေးအဖွဲ့တွင် ကျောင်းသားသမဂ္ဂမှ ကိုယ်စားလှယ်များပါဝင်ခွင့်ရှိသည်။

(စစ) ဆရာ၊ ဆရာမများအပေါ် ကျောင်းသူ၊ ကျောင်းသားများ၏ အကဲဖြတ်မှုများကို တက္ကသိုလ်၊ ကျောင်းအုပ်ချုပ်ရေးကောင်စီသို့ တင်သွင်းသည့်အခါ ၎င်းကောင်စီသည် စဉ်းစားဆုံးဖြတ်ပေးရမည်။

(ဆဆ) ပညာသင်စရိတ်ခက်ခဲသော ကျောင်းသူ၊ ကျောင်းသားများအတွက် ပညာဆက်လက် သင်ယူနိုင်ရန် ချေးငွေထုတ်ပေးမည့် အစီအစဉ်များ ဆောင်ရွက်မည်။

(ခ) ဆရာ၊ ဆရာမများသည်

(ကက) ဆရာ၊ ဆရာမများသည် ဆရာသမဂ္ဂများနှင့် အသင်းအဖွဲ့များလွတ်လပ်စွာ ဖွဲ့စည်း လှုပ်ရှားပိုင်ခွင့်ရှိသည်။

(ခခ) တက္ကသိုလ် အုပ်ချုပ်ရေးကောင်စီနှင့် ကျောင်းအုပ်ချုပ်ရေးအဖွဲ့များတွင် ဆရာသမဂ္ဂမှ ကိုယ်စားလှယ်များ ပါဝင်ခွင့်ရှိသည်။

(ဂဂ) သမဂ္ဂအဆောက်အဦများကို တက္ကသိုလ်အသီးသီး၏ ပရဝဏ်အတွင်းတွင် တက္ကသိုလ် ရန်ပုံငွေဖြင့် ကျခံတည်ဆောက်ရမည်။

(ဃဃ) နှစ်သက်ရာပါတီသို့ ဝင်ရောက်ခွင့်ရှိသည်။

(ငင) လွတ်လပ်စွာသုတေသနပြုခွင့်ရှိ၍ သုတေသနတွေ့ရှိချက်များကို လွတ်လပ်စွာဖော်ထုတ် ပိုင်ခွင့်ရှိသည်။

(စစ) ကျောင်းသားများသင်ယူမှု ဖွံ့ဖြိုးမှုအတွက် နည်းစနစ်များကို လွတ်လပ်စွာ ရွေးချယ်ခွင့် ရှိသည်။

(ဆဆ) ဆရာ၊ ဆရာမများ အရည်အသွေးမြင့်မားရေးအတွက် ပြည်တွင်း၊ ပြည်ပတွင် ပညာ ဆက်လက်သင်ယူရန် အခွင့်အလမ်းရှိသည်။

(ဇဇ) မိမိနှစ်သက်ရာကျောင်း သို့မဟုတ် ဒေသများကို လွတ်လပ်စွာ ရွေးချယ်လျှောက်ထား ပိုင်ခွင့်နှင့် ပြောင်းရွှေ့ပိုင်ခွင့်ရှိရမည်။

(ဈဈ) ပညာရေးအဆင့် အသီးသီးတွင် သက်ဆိုင်ရာပညာရပ်များသည် တန်းတူတန်ဖိုးရှိပြီး သင်ကြားနေသော ဆရာ၊ ဆရာမများသည် တန်းတူအခွင့်အရေးရှိသည်။

(ညည) ဆရာဖြစ်နိုင်ရေးအတွက် သန်စွမ်းမှု၊ မသန်စွမ်းမှုအရသော်လည်းကောင်း၊ လူမျိုးရေး အရသော်လည်းကောင်း၊ ဘာသာရေးအရသော်လည်းကောင်း၊ ကျားမဖြစ်ခြင်းအရသော် လည်းကောင်း ခွဲခြားခြင်းမရှိစေရ။

(ဂ) အမျိုးသားသင်ရိုးညွှန်းတမ်းရေးဆွဲရေးကော်မတီကို ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုသော လွတ်လပ်သည့် ပညာရှင်များဖြင့် ဖွဲ့စည်းမည်။

(ကက) အမျိုးသားသင်ရိုးညွှန်းတမ်းရေးဆွဲရေးကော်မတီသည် ကျောင်းသားသမဂ္ဂ၊ ဆရာ သမဂ္ဂနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ လက်ခံသည့်

လွတ်လပ်သောပညာရှင် အနည်းဆုံး ပညာရှင် (၅) ဦး၊

လွှတ်တော်ကိုယ်စားလှယ်များမှရွေးချယ်သောပညာရှင် (၂) ဦး၊

ပညာရေးဝန်ကြီးဌာနမှခန့်အပ်သော ပညာရှင် (၂) ဦး ပါဝင်ဖွဲ့စည်းမည်။

(ခခ) အမျိုးသားသင်ရိုးညွှန်းတမ်းရေးဆွဲရေး ကော်မတီသည် ပညာရေးရည်မှန်းချက်များကို အခြေခံ၍ သင်ရိုးညွှန်းတမ်း အညွှန်းဘောင်နှင့် သင်ရိုးညွှန်းတမ်းစံများရေးဆွဲရန် တာဝန်ခံရမည်။ ပညာရေးဝန်ကြီးဌာနမှ လိုလောက်သောထောက်ပံ့ကူညီမှု ပေးရ မည်။

(ဂဂ) အမျိုးသားသင်ရိုးညွှန်းတမ်းစံကို အခြေခံ၍ ဒေသအလိုက်၊ ကျောင်းအလိုက် လွတ်လပ်စွာ ဖွံ့ဖြိုးဆောင်ရွက်နိုင်ခွင့်ရှိရမည်။

(ဃ) သင်ရိုးညွှန်းတမ်းများသည်

(ကက) ကလေးများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို မဏ္ဍိုင်ထားသော သင်ရိုးညွှန်းတမ်းနှင့် သင်ကြားနည်းစနစ်များဖြစ်ရမည်။ ကလေး၏ အသက်အရွယ်၊ သဘာဝနှင့် ကိုက်ညီမှု ရှိရမည်။

( ခ ခ ) ရှေးဦးသင်ပညာရေး မူလတန်း၊ အလယ်တန်း၊ အထက်တန်း သင်ရိုးညွှန်းတမ်းများသည် တစ်ခုနှင့်တစ်ခု အဆက်အစပ်ရှိရမည်။

( ဂ ဂ ) ကျောင်းသားများ ဘဝတစ်လျှောက်လုံး အသုံးဝင်မည့် အသိပညာ၊ အတတ်ပညာ၊ စွမ်းရည်များနှင့် စဉ်းစားတွေးခေါ် မြော်မြင်မှုများ ရရှိစေရမည်။ လက်တွေ့ဘဝနှင့် ကိုက်ညီဆက်စပ်မှုရှိရမည်။

( င ) သင်ကြားရေးတွင် ဘာသာစကားသုံးမျိုးစနစ်ဖြစ်သော မိခင်ဘာသာစကား၊ မြန်မာဘာသာစကား၊ အင်္ဂလိပ်ဘာသာစကားတို့ကို အသုံးပြုသင်ကြားမည်။

(ကက) မိခင်ဘာသာစကားကို ရွေးချယ်အသုံးပြုရန်အတွက် ကျောင်းအလိုက်ကျောင်းအုပ်ချုပ်ရေး အဖွဲ့မှ ဆုံးဖြတ်ခွင့်ရှိသည်။

( ခ ခ ) မိခင်ဘာသာစကားတစ်ခုကို ရွေးချယ်ပြီးပါက မြန်မာစာနှင့်အင်္ဂလိပ်စာကို ဒုတိယ ဘာသာစကား လေ့လာနည်းများအသုံးပြုပြီး ကျန်ဘာသာရပ်များကို မိခင်ဘာသာ စကားဖြင့် သင်ကြားသင်ယူခွင့်ရှိသည်။

( ဂ ဂ ) တိုင်းရင်းသားလူမျိုးများစွာနေထိုင်သော မြို့ပေါ်ကျောင်းများတွင် ကျောင်းသားများသည် မြန်မာဘာသာစကားကို ကျွမ်းကျင်ပြီးဖြစ်ပါက မြန်မာဘာသာစကားကို မိခင်ဘာသာ စကားအဖြစ် အသုံးပြုသင်ကြားမည်။

(ဃဃ) မိခင်ဘာသာစကားကို ရှေးဦးကလေးပညာရေးကဏ္ဍတွင် ၁၀၀% မူလတန်း အောက်ဆင့်တွင် ၆၀% မူလတန်းအထက်ဆင့်တွင် ၄၀% သင်ကြားရန်။

( စ ) ဒေသဆိုင်ရာ ပညာရေးလုပ်ငန်းများနှင့် သက်ဆိုင်သော ဆုံးဖြတ်ချက်များချမှတ်ရာတွင် ပညာရေး ဆိုင်ရာ လူထုအဖွဲ့အစည်းများ၊ လွတ်လပ်သောပညာရှင်များ၊ ဆရာများ၊ မိဘများ၊ ကျောင်းသား များ၊ ဒေသခံများ ပါဝင်ခွင့်ရှိသည်။

(ဆ) တက္ကသိုလ်၊ ကောလိပ်နှင့် ကျောင်းများသည် ပညာရေးဆိုင်ရာလုပ်ငန်းများကို လွတ်လပ်စွာ စီမံ ခန့်ခွဲခွင့်ရှိသည်။

(ကက) တက္ကသိုလ်ကျောင်းများ၏ စီမံခန့်ခွဲရေးကို တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီမှ တာဝန်ယူ ဆောင်ရွက်မည်။

( ခ ခ ) တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီတွင် ဘာသာရပ်ဆိုင်ရာ ပါမောက္ခများ၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာတာဝန်ရှိသူများ၊ ဆရာသမဂ္ဂနှင့်ကျောင်းသားသမဂ္ဂမှကိုယ်စားလှယ်များ၊ လွတ်လပ်သောပညာရှင်များ ပါဝင်သည်။

( ဂ ဂ ) တက္ကသိုလ်အချင်းချင်း ပေါင်းစပ်ညှိနှိုင်းရန်လိုအပ်ပါက တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီ အချင်းချင်းညှိနှိုင်း ဆောင်ရွက်မည်။

(ဃဃ) ကျောင်းများ၏ စီမံခန့်ခွဲရေးကို ကျောင်းအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက် မည်။

( င င ) ကျောင်းအုပ်ချုပ်ရေးအဖွဲ့တွင် ကျောင်းအုပ်ကြီး၊ ဆရာသမဂ္ဂကိုယ်စားလှယ်၊ ကျောင်းသား မိဘကိုယ်စားလှယ်နှင့် ရပ်ရွာမှ လေးစားယုံကြည်သူများပါဝင်သည်။

(စ စ) ကျောင်းအုပ်ချုပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ ကျောင်းသားလက်ခံခြင်း၊ ဆရာ၊ ဆရာမများနှင့်ဝန်ထမ်းများခန့်ထားခြင်း၊ သင်ရိုးညွှန်းတမ်းဖွံ့ဖြိုးရန် ဆောင်ရွက်ခြင်း၊ မိခင်ဘာသာစကား သင်ကြားရန် ရွေးချယ်ဆုံးဖြတ်ခြင်း၊ ကျောင်းသားများ၏ တတ်မြောက်မှုကို စစ်ဆေးခြင်း၊ ဘဏ္ဍာငွေစီမံခန့်ခွဲခြင်းနှင့် ကျောင်းအဆောက်အအုံ ဆောက်လုပ်ခြင်းတို့ကို ဆောင်ရွက်မည်။

၂၃။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၁၆ ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးပြီး ပုဒ်မခွဲ (ဂ) ၏ နောက်တွင် ပုဒ်မခွဲ (ဃ) (င) (စ) တို့ကို ဖြည့်စွက်မည်။

(ဂ) "အခြေခံပညာကျောင်းများတွင် သင်ယူမှုဖြစ်စဉ်အတွင်း စစ်ဆေးသောသင်ယူမှုကို အားပေးမြှင့်တင်သည့် သင်ယူမှုဖြစ်စဉ်အတွင်း သင်ယူမှုကို အားပေးသောစစ်ဆေးနည်း စနစ်ကျင့်သုံးမည်။"

(ဃ) "အလွတ်ကျက် အလွတ်ဖြေရသည့် မှတ်မိခြင်းကို စစ်ဆေးသောစာမေးပွဲစနစ်များကို ဖျက်သိမ်းမည်။"

(င) "တက္ကသိုလ်များတွင်လည်း အလွတ်ကျက်မှတ်ဖြေဆိုရသည့် စာမေးပွဲများအစား ကျောင်းသားများ၏ လုပ်ဆောင်ချက်များ၊ စာတမ်းများတင်ပြမှုများ၊ သုတေသနလေ့လာမှုများအပေါ် အခြေခံစစ်ဆေးမည်။"

(စ) "ရလဒ်တစ်ခုတည်းအပေါ် စစ်ဆေးတိုင်းတာခြင်းထက် သင်ယူမှုဖြစ်စဉ်တိုးတက်မှုကို ထည့်သွင်းစစ်ဆေးမည်။"

၂၄။ အမျိုးသားပညာရေး ဥပဒေ ပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးမည်။

"၁၇။ အခမဲ့မသင်မနေရ အလယ်တန်းပညာရေးကို ဆောင်ရွက်မည်။"

၂၅။ အမျိုးသားပညာရေး ဥပဒေ ပုဒ်မ ၁၉ ကို အောက်ပါအတိုင်း အစားထိုးမည်။

"၁၉။ မြန်မာနိုင်ငံတွင် နေထိုင်သည့် တိုင်းရင်းသားလူမျိုးများ၏ ကလေးများအတွက် မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံသင်ကြားရေးစနစ်ကို ရှေးဦးကလေးသူငယ်ပညာရေးမှစ၍ ကျင့်သုံးမည်။"

၂၆။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၂၀ ပုဒ်မခွဲ (ဂ) အား အောက်ပါအတိုင်း ပြင်ဆင်မည်။

"(ဂ) နိုင်ငံတော်ရှိ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်တို့၏ အနှစ်သာရများကို တန်ဖိုးထား၍ တိုင်းရင်းသားအားလုံး ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပံ့ပိုးရမည်။"

၂၇။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၂၀ ပုဒ်မခွဲ (ဂ)၏ နောက်တွင် ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အသစ်ဖြည့်စွက်ရမည်။

"(ဃ) မသန်စွမ်းသူများကို သင်ကြားပေးနိုင်သည့် ဆရာ၊ ဆရာမများ လေ့ကျင့်သင်ကြားပေးမည်။"

၂၈။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (က) ကို ပယ်ဖျက်သည်။

၂၉။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ) တွင် အောက်ပါအတိုင်းအစားထိုးရမည်။

"(ခ) အလယ်တန်းအဆင့်ပြီးမြောက်ပြီးသူများနှင့်ညီမျှသည့် အရည်အချင်းရှိသူများတက်ရောက်နိုင်သော အလယ်တန်းအဆင့်နည်းပညာနှင့် သက်မွေးပညာရေး"

၃၀။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ဂ) တွင် အောက်ပါအတိုင်း အစားထိုးရမည်။

"(ဂ) အထက်တန်းအဆင့်ပြီးမြောက်ပြီးသူများနှင့်ညီမျှသည့် အရည်အချင်းရှိသူများတက်ရောက်နိုင်သော ဘွဲ့ကြိုဒီပလိုမာအဆင့် နည်းပညာနှင့် သက်မွေးပညာရေး"

၃၁။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၂၂ တွင် အောက်ပါအတိုင်း အစားထိုးရမည်။

"ပုဒ်မ ၂၁ ပါ ပညာရေးအဆင့်များတွင် သင်ရိုးညွှန်းတမ်း အရည်အသွေးနှင့် အပ်နှင်းမည့်ဒီပလိုမာနှင့် အောင်လက်မှတ်အမျိုးအစားတို့ကို အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီမှ သတ်မှတ်မည်။"

၃၂။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၂၄ တွင် အောက်ပါအတိုင်း အစားထိုးရမည်။

"၂၄။ နည်းပညာနှင့် သက်မွေးပညာရေးဆိုင်ရာ ကျောင်းများနှင့် သင်တန်းများကို ဤဥပဒေနှင့်အညီ စီမံခန့်ခွဲခွင့်ရှိသော ကျောင်းများနှင့် သင်တန်းများအဖြစ် ထူထောင်ရမည်။"

၃၃။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၂၇ တွင် အောက်ပါအတိုင်းအစားထိုးရမည်။

"၂၇။ တက္ကသိုလ်များပေါင်းစပ်ညှိနှိုင်းရန်လိုအပ်ပါက တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီအချင်းချင်း ညှိနှိုင်း ဆောင်ရွက်မည်။"

၃၄။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၂၈ တွင် အောက်ပါအတိုင်း အစားထိုးရမည်။

"၂၈။ တက္ကသိုလ်ဝင်ခွင့်အတွက် သင်ယူလိုသည့်ဘာသာရပ်နှင့် တက္ကသိုလ်ကို ကျောင်းသားကိုယ်တိုင် ဆုံးဖြတ်ရွေးချယ်ခွင့်ရှိရန်၊ တက္ကသိုလ်ဝင်ခွင့်သည် အခြေခံအထက်တန်းစာမေးပွဲရမှတ်ဖြင့် ဆုံးဖြတ်ခြင်းမဟုတ်ဘဲ သင်ယူမည့်ဘာသာရပ်၏ လိုအပ်ချက်အရ ကျောင်းသားများ၏ လေ့လာ သင်ယူထားရှိမှုအပေါ် အခြေခံရွေးချယ်ရန်နှင့် ကျောင်းသား၏ဘာသာရပ်ဆိုင်ရာ လိုအပ်ချက် များကို တက္ကသိုလ်က ဖြည့်ဆည်းပေးသည့်စနစ် ထားရှိရန်ဖြစ်သည်။"

၃၅။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၃၄ (ဆ) အား အောက်ပါအတိုင်း အစားထိုးမည်။

"(ဆ) အထူးကျောင်းများ"

၃၆။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၃၄ (ဈ) နောက်တွင် ပုဒ်မခွဲ (ည) ကို အောက်ပါအတိုင်း ဖြည့်စွက်မည်။

"(ည) အခြားဘာသာရေးအဖွဲ့အစည်းများမှ ဖွင့်လှစ်ထားသော ပညာရေးကျောင်းများ"

၃၇။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၃၅ အား အောက်ပါအတိုင်း အစားထိုးမည်။

"၃၅။ အခြေခံပညာရေးကျောင်း၊ သင်တန်းကျောင်း၊ နည်းပညာနှင့်သက်မွေးပညာရေးကျောင်း၊ အဆင့်မြင့် ပညာရေး အဆင့်အတန်းရှိသောကျောင်း၊ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံများနှင့် နိုင်ငံခြား တက္ကသိုလ်တစ်ခုခု၏ ကျောင်းခွဲများဖွင့်လှစ်ခြင်းသည် ဤဥပဒေနှင့် ကိုက်ညီမှုရှိစေရမည်။"

၃၈။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၃၆ အားအောက်ပါအတိုင်း အစားထိုးမည်။

"၃၆။ ပုဒ်မ ၃၄ တွင်ဖော်ပြထားသော ကျောင်းများသည် သင်တန်းဆင်းလက်မှတ်၊ ဘွဲ့ဒီဂရီ၊ ဒီပလိုမာ အောင်လက်မှတ်တို့ကို ထုတ်ပေးပိုင်ခွင့်ရှိသည်။"

၃၉။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၃၇ ကို အောက်ပါအတိုင်း အစားထိုးမည်။

"၃၇။ ဝန်ကြီးဌာနနှင့်သက်ဆိုင်ရာ ဝန်ကြီးဌာနတို့သည် -

(က) မသန်စွမ်းသူများအတွက် ပညာသင်ယူသည့်အဆင့်တိုင်းတွင် အများနည်းတူတန်းတူပညာ သင်ကြားနိုင်ရေးအတွက် လိုအပ်နေသော အစီအမံများ၊ အထောက်အကူပြုပစ္စည်းကိရိယာများ၊ သင်ကြားနည်းစနစ်များ၊ သင့်လျော်သောညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးမှုများကို ပြုလုပ်ပေးရမည်။ မသန်စွမ်းသူများအတွက် အတားအဆီးမရှိသော ကျောင်းပတ်ဝန်းကျင် ဖန်တီးပေးရမည်။

( ခ ) ပင်မပညာရေးစနစ်ဖြင့် သင်ကြားနိုင်ရန်ခက်ခဲသည့် မသန်စွမ်းသူများအတွက် အထူးပညာရေး အစီအစဉ်ဖြင့် သင်ကြားပေးသော ကျောင်းများထူထောင်နိုင်ရန် စီစဉ်ပေးရမည်။ ပုဂ္ဂလိက၊ လူမှုရေးအဖွဲ့အစည်းများနှင့် မသန်စွမ်းအသင်းအဖွဲ့များကဖွင့်လှစ်လိုပါက ဖွင့်လှစ်နိုင်သည်။"

၄၀။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၃၈ ကို အောက်ပါအတိုင်း အစားထိုးမည်။

"၃၈။ ဝန်ကြီးဌာနနှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များသည် အရပ်ဘက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်၍ -

(က) ရွှေ့ပြောင်းလုပ်သားများ၏ သားသမီးများနှင့် မိသားစုဝင်များအတွက် အခမဲ့မသင်မနေရ အလယ်တန်းပညာရေးပြီးမြောက်စေရေးအတွက်ရွှေ့လျားကျောင်းများတည်ထောင်နိုင်ရန် စီစဉ်ပေးရမည်။

(ခ) ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသော၊ နယ်မြေအေးချမ်းမှုမရှိသော၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော ဒေသများနှင့် သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသောဒေသများအတွက် အရေးပေါ် ယာယီ ကျောင်းများ ဖွင့်လှစ်သင်ကြားပေးသည့် ပညာရေးအထူးဝန်ဆောင်မှုကို စီစဉ်ပေးရမည်။"

၄၁။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၃၉ ပါ "ကော်မရှင်" ဟူသောစကားရပ်ကို "အမျိုးသားသင်ရိုးညွှန်းတမ်းရေးဆွဲရေးကော်မတီ" ဟူသော စကားရပ်ဖြင့် အစားထိုးမည်။

၄၂။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၃၉ ပုဒ်မခွဲ (ဆ) အား အောက်ပါအတိုင်း အစားထိုးမည်။

"(ဆ) သင်ရိုးညွှန်းတမ်းစံကို အခြေခံ၍ သင်ရိုးညွှန်းတမ်းဖွံ့ဖြိုးမှုကို ဒေသအလိုက်၊ ကျောင်းအလိုက် လွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့်ရှိရေး။"

၄၃။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၄၀ အား အောက်ပါအတိုင်း အစားထိုးမည်။

"၄၀။ (က) အမျိုးသားသင်ရိုးညွှန်းတမ်းရေးဆွဲရေးကော်မတီကို အောက်ပါအတိုင်း အဖွဲ့ဝင်အနည်းဆုံး ၉ ဦးဖြင့် ဖွဲ့စည်းမည်။

(ကက) ကျောင်းသားသမဂ္ဂ၊ ဆရာသမဂ္ဂနှင့် အရပ်ဘက်အဖွဲ့အစည်းများမှအဆိုပြုထောက်ခံတင်ပြသည့် လွတ်လပ်သောပညာရှင် အနည်းဆုံး ၅ ဦး။

(ခခ) လွှတ်တော်ကိုယ်စားလှယ်များမှ ရွေးချယ်သောပညာရှင် ၂ ဦး။

(ဂဂ) ပညာရေးဝန်ကြီးဌာနမှ ခန့်အပ်သော ပညာရှင် ၂ ဦး။

(ခ) အဆိုပါကော်မတီသည် သင်ရိုးညွှန်းတမ်း အညွှန်းဘောင်နှင့် သင်ရိုးညွှန်းတမ်းစံများ ရေးဆွဲရန် တာဝန်ခံရမည်။

(ဂ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မတီအဖွဲ့ဝင်များသည် အစိုးရအဖွဲ့ကသတ်မှတ်သည့် ချီးမြှင့်ငွေနှင့် စရိတ်ကို ခံစားခွင့်ရှိသည်။

(ဃ) ကော်မတီနှင့် စပ်လျဉ်းသည့် ရုံးလုပ်ငန်းတာဝန်များကို ဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပေးရမည်။

(င) ကော်မတီနှင့် စပ်လျဉ်းသည့် ကုန်ကျစရိတ်များကို ဝန်ကြီးဌာန၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံစေရမည်။

(စ) ကော်မတီသည် အမျိုးသားပညာရေးရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဥပဒေနှင့်အညီ လိုအပ်သောအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၄၄။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၄၁ (က) မှ "ကော်မရှင်" ဟူသောစကားရပ်ကို "အမျိုးသားသင်ရိုးညွှန်းတမ်းရေးဆွဲရေးကော်မတီ" ဟူသော စကားရပ်ဖြင့် အစားထိုးသည်။

၄၅။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၄၁ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးမည်။

"(ခ) မသန်စွမ်းသူများအတွက် သင်ကြားရမည့် အထူးပညာရေးအစီအစဉ်၏ သင်ရိုးညွှန်းတမ်းကို သက်ဆိုင်ရာပညာရေးနယ်ပယ်အသီးသီးမှ ပညာရှင်များနှင့်ညှိနှိုင်းအတည်ပြုပြဋ္ဌာန်းပေးရမည်။"

၄၆။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၄၂ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးမည်။

"(က) အစိုးရကျောင်းများနှင့် အခြားကျောင်းများ အပြန်အလှန်ဆက်သွယ်ကူးပြောင်းသင်ကြားနိုင်ရေး အတွက် ကူညီဆောင်ရွက်ရမည်။"

၄၇။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၄၃ နှင့် ၄၄ ကို ပယ်ဖျက်မည်။

၄၈။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၄၆ ကို အောက်ပါအတိုင်း အစားထိုးသည်။

"၄၆။ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် မိမိကလေးကို မည်သည့်ကျောင်းတွင်မဆို အပ်ပိုင်ခွင့်ရှိသည်။"

၄၉။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၄၇ ကို အောက်ပါအတိုင်း အစားထိုးသည်။

"၄၇။ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် မိမိတို့ကလေး၏ ပညာရည်မြင့်မားစေရန်နှင့် စဉ်ဆက်မပြတ် သင်ယူမှုအခွင့်အလမ်းရရှိစေရန် ကျောင်းအုပ်ချုပ်ရေးအဖွဲ့နှင့်ပူးပေါင်းဆောင်ရွက်ခွင့်ရှိသည်။"

၅၀။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၄၉ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးသည်။

"(က) ပညာရေးနှင့်စပ်လျဉ်း၍ ဤဥပဒေနှင့်အညီ ပံ့ပိုးကူညီမည်။"

၅၁။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၄၉ (ဂ) ကို ပယ်ဖျက်သည်။

၅၂။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၄၉ ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးသည်။

"(ဃ) ပညာသင်ယူရန် အခက်အခဲရှိသူများနှင့် မသန်စွမ်းသူများအတွက် ဆက်လက်ပညာသင်ယူနိုင်ရေး အစီအစဉ်ကို ဖော်ဆောင်ပေးရမည်။ ပြင်ပမှကူညီဆောင်ရွက်ခြင်းကို ခွင့်ပြုနိုင်သည်။"

၅၃။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၄၉ ပုဒ်မခွဲ (စ) ကို အောက်ပါအတိုင်း အစားထိုးသည်။

"(စ) ပညာရေးဆိုင်ရာစီမံခန့်ခွဲရေးကိစ္စများကိုဤဥပဒေနှင့်အညီလွတ်လပ်စွာစီမံခန့်ခွဲခွင့်ရှိစေရမည်။"

၅၄။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၄၉ ပုဒ်မခွဲ (ဇ) ၏နောက်တွင် ပုဒ်မခွဲ (ဈ) အဖြစ်အောက်ပါအတိုင်း အသစ်ဖြည့်စွက်မည်။

"(ဈ) နိုင်ငံတော်သည် ကလေးများကို ကျောင်းနေအရွယ်တွင် အခမဲ့မသင်မနေရပညာရေးပြီးမြောက်သည် အထိ တာဝန်ယူပံ့ပိုးပေးရမည်။"

၅၅။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၅၁၊ ၅၂ ကို ပယ်ဖျက်သည်။

၅၆။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၅၃ ကို အောက်ပါအတိုင်း အစားထိုးသည်။

"၅၃။ တက္ကသိုလ်ကောင်စီနှင့် ကျောင်းအုပ်ချုပ်ရေးအဖွဲ့များသည် ဆရာများ၏ တာဝန်နှင့်အခွင့်အရေးကို သတ်မှတ်ပေးရမည်။"

၅၇။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၅၄ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးသည်။

"(ခ) ပညာအရည်အသွေးနှင့် အဆင့်အတန်းတိုးတက်မှုကို စစ်ဆေးအကဲဖြတ်မည့် ကျောင်းတွင်းအရည် အသွေးစစ်ဆေးအကဲဖြတ်လုပ်ငန်းစဉ်နှင့်ကျောင်းပြင်ပအရည်အသွေးစစ်ဆေးအကဲဖြတ်မှု လုပ်ငန်းစဉ်တို့ ပါဝင်ရမည်။"

၅၈။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၅၅ ကို အောက်ပါအတိုင်း အစားထိုးသည်။

"၅၅။ (က) ပုဒ်မ ၅၄ ပါ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရန် အမျိုးသားပညာရည်အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီကို အောက်ပါအတိုင်း အနည်းဆုံး ၉ ဦးဖြင့် လွတ်လပ်သောအဖွဲ့အဖြစ် ဖွဲ့စည်းရမည်။

(ကက) ကျောင်းသားသမဂ္ဂများ ဆရာသမဂ္ဂများမှ အသိမှတ်ပြုသော လွတ်လပ်သည့် ပညာရှင်များ အနည်းဆုံး ၅ ဦး

(ခခ) ပညာရေးဝန်ကြီးဌာနမှ ခန့်အပ်သောပညာရှင်များ ၂ ဦး

(ဂဂ) လွှတ်တော်ကိုယ်စားလှယ်များမှ ရွေးချယ်သော ပညာရှင် ၂ ဦး”

(ခ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော အမျိုးသားပညာရည်အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီ အဖွဲ့ဝင်များသည် အစိုးရအဖွဲ့က သတ်မှတ်သည့် ချီးမြှင့်ငွေနှင့်စရိတ်ကို ခံစားခွင့်ရှိသည်။

(ဂ) အမျိုးသားပညာရည် အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီနှင့် စပ်လျဉ်းသည့် ရုံးလုပ်ငန်းတာဝန်များကို ဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပေးရမည်။

(ဃ) အမျိုးသားပညာရည် အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီနှင့် စပ်လျဉ်းသည့် ကုန်ကျစရိတ်များကို ဝန်ကြီးဌာန၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံစေရမည်။

(င) အမျိုးသားပညာရည် အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီသည် အမျိုးသားပညာရေးရည်မှန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဥပဒေနှင့်အညီ လိုအပ်သောအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။”

၅၉။ အမျိုးသားပညာရေးဥပဒေ အခန်း ၁၁ ၏ ခေါင်းစဉ်ကို အောက်ပါအတိုင်းအစားထိုးသည်။

**“ပညာရေးစီမံခန့်ခွဲမှု”**

၆၀။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၅၆ ကို အောက်ပါအတိုင်း အစားထိုးသည်။

“(က) တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီနှင့် ကျောင်းအုပ်ချုပ်ရေးအဖွဲ့များသည် သက်ဆိုင်ရာကျောင်းများကို ဤဥပဒေနှင့်အညီ စီမံခန့်ခွဲရမည်။

(ခ) ဝန်ကြီးဌာနနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များသည် တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီနှင့် ကျောင်းအုပ်ချုပ်ရေးအဖွဲ့များ၏ လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် ကူညီပံ့ပိုးရမည်။”

၆၁။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၅၇ ကို ပယ်ဖျက်သည်။

၆၂။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၅၈ ပုဒ်မခွဲ (က) (ခ) (င) တို့ကို အောက်ပါအတိုင်းအစားထိုးသည်။

“(က) ပညာရေးအရည်အသွေးမြင့်မားရေးနှင့် ဖွံ့ဖြိုးရေးအတွက် မူဝါဒများ မဟာဗျူဟာများနှင့် ယင်းတို့ကို အကောင်အထည်ဖော်သည့်စီမံချက် ပညာရေးဖွံ့ဖြိုးမှုစီမံချက်ကို ပံ့ပိုးခြင်း။

(ခ) မဟာဗျူဟာများ မူဝါဒများနှင့် ယင်းတို့ကို အကောင်ထည်ဖော်ဆောင်ရွက်မှုစီမံချက်၊ ပညာရေးဖွံ့ဖြိုးမှုစီမံကိန်းများ၊ ပညာရေးနှင့်သက်ဆိုင်သည့် ဥပဒေနှင့် အခြားလုပ်ထုံးလုပ်နည်းများကို ရေးဆွဲရာတွင် ကျောင်းသားသမဂ္ဂကိုယ်စားလှယ်များ၊ ဆရာသမဂ္ဂကိုယ်စားလှယ်များ၊ မိဘများ၊ လွတ်လပ်သောပညာရှင်များ၊ ပညာရေးဆိုင်ရာ လူထုအဖွဲ့စည်းများ၏ အကြံပြုချက်များကို ရယူပြီး ပြည်သူလူထုထံကျယ်ပြန့်စွာ သိရှိစေရန် ဆက်လက်ဆောင်ရွက်ခြင်း

(င) ပညာရေးအတွက် လျာထားသည့် ရသုံးဘဏ္ဍာငွေများကို ထိရောက်စွာအသုံးပြုနိုင်ရေးအတွက် ကူညီပံ့ပိုးပေးခြင်း”

၆၃။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၅၈ ပုဒ်မခွဲ (ဆ) ကို ပယ်ဖျက်သည်။

၆၄။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၆၀ ကို အောက်ပါအတိုင်း အစားထိုးသည်။

“၆၀။ ဝန်ကြီးဌာနသည် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများအတွက် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းပေးမည်။ ကြီးကြပ်ရေးအဖွဲ့တွင် ပုဂ္ဂလိကကျောင်းများမှ အသိအမှတ်ပြုသော ပညာရှင်များ ပါဝင်ရမည်။”

၆၅။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၆၂ ကို အောက်ပါအတိုင်းအစားထိုးသည်။

"(က) နိုင်ငံ၏ ပညာရေးအသုံးစရိတ်ကို ၅ နှစ်အတွင်း တစ်နိုင်ငံလုံးအသုံးစရိတ်၏ ၂၀% အနည်းဆုံး သုံးစွဲမည်။

(ခ) သက်ဆိုင်ရာကျောင်း သို့မဟုတ် ပညာရေးအဖွဲ့အစည်းသည် ပြည်တွင်းပြည်ပပုဂ္ဂိုလ် သို့မဟုတ် တရားဝင်အဖွဲ့အစည်းများ၏ ထောက်ပံ့လျှုဒါန်းငွေ သို့မဟုတ် ပစ္စည်းများကို စိစစ်လက်ခံနိုင်သည်။"

၆၆။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၆၃ ကို အောက်ပါအတိုင်း အစားထိုးသည်။

"၆၃။ ပညာရေးအဆင့်ဆင့်နှင့် ကျောင်းများသည်

(က) ဘဏ္ဍာငွေများ ခွဲဝေသုံးစွဲရာတွင် ပညာရေးကဏ္ဍနှင့်သက်ဆိုင်သူများဖြင့် တိုင်ပင်ဆွေးနွေးမှု ရှိရမည်။

(ခ) ငွေစာရင်းစစ်ဆေးရာတွင် အသိအမှတ်ပြု ပြင်ပစာရင်းစစ်အဖွဲ့များ၏ စစ်ဆေးမှုကို ခံယူရမည်။

(ဂ) ဘဏ္ဍာရေးအစီရင်ခံစာများကို အလှူရှင်များနှင့် အများပြည်သူသိရှိရန် ထုတ်ပြန်ကြေညာရမည်။"

၆၇။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၆၄ (ခ) ကို အောက်ပါအတိုင်း အစားထိုးမည်။

"(ခ) တက္ကသိုလ်ကောလိပ်နှင့် ကျောင်းများသည် ကိုယ်ပိုင်ရန်ပုံငွေ ရှာဖွေထူထောင်ဆောင်ရွက်ခွင့် ရှိသည်။"

၆၈။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၆၄ ပုဒ်မခွဲ (ခ) ၏နောက်တွင် အောက်ပါပုဒ်မခွဲ (ဂ) ကို ဖြည့်စွက်မည်။

"(ဂ) တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီနှင့် ကျောင်းအုပ်ချုပ်ရေးအဖွဲ့များသည် သက်ဆိုင်ရာတက္ကသိုလ်နှင့် ကျောင်းများအတွက် နှစ်စဉ်ဘဏ္ဍာရန်ပုံငွေ လိုအပ်ချက်ကို ပညာရေးဝန်ကြီးဌာနသို့ တင်ပြရမည်။"

၆၉။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၆၅ အား ပယ်ဖျက်သည်။

၇၀။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၆၆ ကိုအောက်ပါအတိုင်း အစားထိုးသည်။

"(က) ဤဥပဒေမပြဋ္ဌာန်းမီက တည်ရှိခဲ့သော ကျောင်းအားလုံးသည် ဤဥပဒေစတင်အာဏာတည်သည့် နေ့မှ ၅ နှစ်ကာလအတွင်း ဤဥပဒေနှင့်အညီ ဆောင်ရွက်ပြီးဖြစ်ရမည်။

(ခ) အသွင်ကူးပြောင်းရေးကာလတွင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့်နစ်နာဆုံးရှုံးမှု ရှိသူတိုင်း ဘဝတစ်လျှောက်လုံး ပညာသင်ယူခွင့်ရှိစေရမည်။

(ဂ) အသွင်ကူးပြောင်းရေးကာလတွင် အလယ်တန်းမသင်မနေရပညာရေးကို ပြဋ္ဌာန်းရာ၌ မိဘများကို ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် နိုင်ငံတော်က ဆောင်ရွက်ပေးမည်။

(ဃ) အသွင်ကူးပြောင်းရေးကာလတွင် သင်ယူမှုဖြစ်စဉ်အတွင်းသင်ယူမှုကို အားပေးသည့်စစ်ဆေးနည်းကို ဦးစားပေး၍ သင်ယူမှုအဆုံးသတ်စစ်ဆေးနည်းကို ပူးတွဲကျင့်သုံးမည်။"

၇၁။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၆၈ (ခ) ကို ပယ်ဖျက်မည်။

၇၂။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၆၉ ကို အောက်ပါအတိုင်း အစားထိုးမည်။

"၆၉။ ဝန်ကြီးဌာနနှင့်သက်ဆိုင်ရာဝန်ကြီးဌာနများသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့်လိုအပ်သော နည်းဥပဒေများစည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန်ရာတွင် ကျောင်းသားသမဂ္ဂကိုယ်စားလှယ်များ၊

ဆရာသမဂ္ဂကိုယ်စားလှယ်များ၊ မိဘများ၊ လွတ်လပ်သောပညာရှင်များ၊ ပညာရေးဆိုင်ရာအရပ်ဘက်အဖွဲ့အစည်းများ၏ အကြံပြုချက်များကို ရယူထည့်သွင်းရမည်။"

၇၃။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၆၉ နောက်တွင် ပုဒ်မ ၇၀ ကို အောက်ပါအတိုင်း ဖြည့်စွက်မည်။

"၇၀။ မဟာဗျူဟာများ၊ မူဝါဒများနှင့် ယင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်မှု၊ စီမံချက်၊ ပညာရေးဖွံ့ဖြိုးမှုစီမံကိန်းများ၊ ပညာရေးနှင့်သက်ဆိုင်သည့် ဥပဒေနှင့် အခြားလုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်သော သတင်းအချက်အလက်များကို ပြည်သူလူထုမှသိရှိရယူနိုင်သည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၁၅)**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်

( ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက် )

**၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ထုတ်ပြန်ကြေညာခြင်း**

ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၆) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီက အမျိုးသားလွှတ်တော်သို့ တင်သွင်းသည့် **"၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၂ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

## ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)

## (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်  ။)

၁၃၇၆ ခုနှစ်၊  လ  ရက်

( ၂၀၁၅ ခုနှစ်၊  လ  ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ) တွင် ပါရှိသော "ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့ကိုလည်းကောင်း၊" ဆိုသည့် စကားရပ်နောက်တွင် "ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ ဖွဲ့စည်းသည့် နိုင်ငံတော်အဆင့် သို့မဟုတ် ဗဟိုအဆင့် အဖွဲ့အစည်းများကိုလည်းကောင်း၊" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၃။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ည) ကို ပယ်ဖျက်ရမည်။

၄။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဠ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဠ) **အမျိုးသားလွှတ်တော်ရုံး**ဆိုသည်မှာ အမျိုးသားလွှတ်တော်၏ ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုကိစ္စအဝဝတို့ကို ကြီးကြပ်ဆောင်ရွက်ရန် ဖွဲ့စည်းထားသော ရုံးကို ဆိုသည်။"

၅။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၄။ လွှတ်တော်၏ သက်တမ်းသည် ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့်အညီ ဖြစ်သည်။ ပြည်သူ့လွှတ်တော်၏ သက်တမ်းကုန်ဆုံးသောနေ့တွင် လွှတ်တော်၏ သက်တမ်းသည်လည်း ကုန်ဆုံးသည်။"

၆။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ည) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ည) လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လေ့လာလိုသော ပြည်သူများအား ဥက္ကဋ္ဌ၏ ကြိုတင်သဘောတူညီချက်ဖြင့် ဖိတ်ကြားခြင်း။"

၇။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) တွင် ပါရှိသော "တရားရုံးတစ်ခုခုက" ဆိုသည့်စကားရပ်ကို "တရားရုံး သို့မဟုတ် စုံစမ်းစစ်ဆေးမှုတစ်ခုခုက" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၃ တွင် ပါရှိသော "နယ်မြေဒေသခံပြည်သူများနှင့် ညှိနှိုင်းပြီး သတ်မှတ်ချက်များနှင့်အညီ" ဆိုသည့် စကားရပ်ကို "ဥပဒေနှင့်အညီ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၇ မှ ပုဒ်မ ၁၉ အထိ သက်ဆိုင်သော "တာဝန်ထမ်းဆောင်ခြင်း" ခေါင်းစဉ်ကို "တာဝန်ထမ်းဆောင်ခြင်းနှင့် နုတ်ထွက်ခြင်း" ဆိုသည့် ခေါင်းစဉ်ဖြင့် အစားထိုးရမည်။

၁၀။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၇။ (က) ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် နောက်တစ်ကြိမ် လွှတ်တော်သက်တမ်း ပထမအစည်းအဝေး စတင်မကျင်းပမီ အချိန်အထိ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ရမည်။

(ခ) ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များသည် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများတွင် သတ်မှတ်သည့်အတိုင်း ဖြစ်သည်။"

၁၁။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၉ ၏ နောက်တွင် ပုဒ်မ ၁၉ - က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၁၉-က။ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌသည် မိမိဆန္ဒအလျောက် ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌတာဝန်မှ နုတ်ထွက်လိုလျှင် လွှတ်တော်၏ ခွင့်ပြုချက်ကို ရယူရမည်။ လွှတ်တော်က နုတ်ထွက်ခွင့်ပြုပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ခွင့်ရှိသည်။"

၁၂။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၄။ (က) လွှတ်တော်သက်တမ်းစတင်သည့်နေ့ရက်သည် ပြည်သူ့လွှတ်တော် သက်တမ်းစတင်သည့်နေ့ရက်ဖြစ်သည်။

(ခ) လွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးကို ယင်းလွှတ်တော်၏ သက်တမ်းစတင်သည့်နေ့မှ ခုနစ်ရက်အတွင်း ကျင်းပရမည်။"

၁၃။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၈။ (က) လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပေးသည့် အသိအမှတ်ပြုလွှာဖြင့် စိစစ်အတည်ပြုရန် လွှတ်တော်က လွှတ်တော်အခွင့်အရေးကော်မတီ မဖွဲ့စည်းရသေးမီ ဥက္ကဋ္ဌသည် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီတစ်ရပ်ကို သင့်လျော်သော နိုင်ငံသားများဖြင့် ဖွဲ့စည်းရမည်။

(ခ) လွှတ်တော်အခွင့်အရေးကော်မတီ ဖွဲ့စည်းပြီးချိန်မှစ၍ ယင်းကော်မတီသည် လွှတ်တော်သက်တမ်းအတွင်းဆက်လက်ကျင်းပသည့် လွှတ်တော်အစည်းအဝေးများသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအားစိစစ်၍ အတည်ပြုရမည်။"

၁၄။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၀ ကို ပယ်ဖျက်ရမည်။

၁၅။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေတွင် -

(က) ပုဒ်မ ၄၇ နှင့် ပုဒ်မ ၄၈ တို့၌ ပါရှိသော "အခြားဘာသာသာသနာကို ပုတ်ခတ်ပြောဆိုခြင်း" ဆိုသည့် စကားရပ်များကို "ဘာသာသာသနာကို ပုတ်ခတ်ပြောဆိုခြင်း" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ခ) ပုဒ်မ ၄၇ ၌ပါရှိသော "အခြားပါတီတစ်ခုခုကို ထိခိုက်ပုတ်ခတ်ပြောဆိုခြင်း" ဆိုသည့်စကားရပ်ကို "ပါတီတစ်ခုခုကို ထိခိုက်ပုတ်ခတ်ပြောဆိုခြင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၆။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၅၀၊ ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(င) လွှတ်တော်ကော်မတီများ၊ ကော်မရှင်များနှင့်အဖွဲ့များက လုပ်ငန်းတာဝန်နှင့် ဆက်စပ်သောကိစ္စအတွက် ဆွေးနွေးတင်ပြရန် ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီးများကို တိုက်ရိုက်ဖိတ်ကြားပါက လာရောက်ရှင်းလင်းဖြေကြားရမည်။"

၁၇။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၅၀ ၏ နောက်တွင် ပုဒ်မ ၅၀-က နှင့် သက်ဆိုင်သည့် ခေါင်းစဉ်နှင့် ပုဒ်မ ၅၀-က တို့ကို အောက်ပါအတိုင်းဖြည့်စွက်ရမည် -

**"ဥက္ကဋ္ဌ၏ အဆုံးအဖြတ်သည် အပြီးအပြတ်အတည်ဖြစ်ခြင်း**

၅၀-က။ လွှတ်တော်အစည်းအဝေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၄၄ အရ ဥက္ကဋ္ဌက ကြီးကြပ်ကွပ်ကဲရာတွင် ယင်း၏အဆုံးအဖြတ်သည် အပြီးအပြတ်အတည်ဖြစ်စေရမည်။"

၁၈။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၅၇ တွင် ပါရှိသော "လွှတ်တော်ရုံး" ဆိုသည့် စကားရပ်များကို "အမျိုးသားလွှတ်တော်ရုံး" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၁၉။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၆၂ ၏ နောက်တွင် ပုဒ်မ ၆၂-က နှင့် ပုဒ်မ ၆၂-ခ တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၆၂-က။ လွှတ်တော်ကိုယ်စားလှယ်များအပေါ် ပြည်သူတို့၏ တိုင်ကြားစာ လက်ခံရရှိပါက ဥက္ကဋ္ဌသည် လွှတ်တော်အခွင့်အရေးကော်မတီကို လွှဲအပ်စုံစမ်းစေရမည်။ လွှတ်တော်အခွင့်အရေးကော်မတီက သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်သည် ဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်းတွေ့ရှိလျှင် ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် ဥပဒေနှင့်အညီအရေးယူနိုင်ရန်တိုင်ကြားစာကို သက်ဆိုင်ရာသို့ လွှဲပြောင်းပေးရမည်။

၆၂-ခ။ လွှတ်တော်ကိုယ်စားလှယ်များသည် နောင်လာမည့်သက်တမ်းအတွက် ရွေးကောက်ပွဲတွင် ရှုံးနိမ့်စေကာမူ သို့မဟုတ် ရွေးကောက်ပွဲမဝင်ရောက်စေကာမူ လက်ရှိလွှတ်တော်သက်တမ်းကုန်ဆုံးသည့်နေ့အထိ လွှတ်တော်အစည်းအဝေးများကို တက်ရောက်ရမည်။"

## ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၆) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီ၏မေးခွန်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၏ဖြေကြားချက်များ

**ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဘာသာရေးလွတ်လပ်ခွင့်အပြည့်အဝရှိသည့်မြန်မာနိုင်ငံကို ဘာသာရေးခွဲခြားဆက်ဆံမှု၊ ဖိနှိပ်မှုကိစ္စရပ်တွင် အထူးစိုးရိမ်ရသော နိုင်ငံများ (Countries of Particular Concern) စာရင်းမှ ပယ်ဖျက်သွားနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအနေနှင့် မည်သို့စီစဉ်ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆) မှ ဦးခင်မောင်ရီက ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဘာသာရေးလွတ်လပ်ခွင့်အပြည့်အဝရှိသည့် မြန်မာနိုင်ငံကို ဘာသာရေးခွဲခြားဆက်ဆံမှု၊ ဖိနှိပ်မှုကိစ္စရပ်တွင် အထူးစိုးရိမ်ရသော နိုင်ငံများ (Countries of Particular Concern) စာရင်းမှ ပယ်ဖျက်သွားနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအနေနှင့် မည်သို့စီစဉ်ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၆)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော် ဒီမေးခွန်းနဲ့ပတ်သက်လို့ နိုင်ငံခြားရေးဝန်ကြီးဌာနက လာရောက်ဖြေဆိုတာတွေ့ရပါတယ်။ ကျွန်တော်တင်တုန်းကတော့ ဒါ (၁၁) ကြိမ်မြောက်အစည်းအဝေးမှာ ကျွန်တော်မေးချင်တဲ့ မေးခွန်းဖြစ်ပါတယ်။ အဲဒီအချိန်တုန်းက ချိန်ကိုက်ဖြစ်ရပ်လေးတစ်ခုနဲ့တိုက်ဆိုင်ပြီး ကျွန်တော်မေးခြင်းဖြစ်ပါတယ်။ သို့သော် အဲဒီအချိန်တုန်းကလည်း အစီအစဉ်တွေ ကျပ်တည်းတာတစ်ကြောင်း၊ ဖြေဆိုဖို့ဒီဘက်က၊ အစိုးရဘက်ကလည်း လုပ်ငန်းတွေများတာကတစ်ကြောင်း ကျွန်တော် ဒါကို (၁၂) ကြိမ်မြောက်မှာ မေးခွင့်ရခြင်းဖြစ်ပါတယ်။ ကျွန်တော်တင်ပြခဲ့တဲ့အတိုင်းပါပဲ။ ကျွန်တော်တို့နိုင်ငံတော်ရဲ့အခြေခံဥပဒေမှာကိုက ၂၀၀၈ အခြေခံဥပဒေနဲ့အညီ ဖွံ့ဖြိုးတိုးတက်ပြီးတော့ တည်ငြိမ်အေးချမ်းတဲ့ နိုင်ငံတော်ဖြစ်အောင် ပါတီစုံဒီမိုကရေစီစနစ်နဲ့အညီ အုပ်ချုပ်ရေးလည်း ပြုပြင်တယ်။ ဈေးကွက်စီးပွားရေးစနစ်ကို စီးပွားရေးပြုပြင်တယ်။ ပြီးတော့ ပြည်ထောင်စုလွှတ်တော် နောက်ပြီး အစိုးရ၊ နိုင်ငံရေးပါတီတွေ၊ တပ်မတော်၊ အရပ်ဘက်ဆိုင်ရာအဖွဲ့အစည်း၊ ပြည်သူလူထု လက်တွဲညီညီနဲ့ တည်ငြိမ်အေးချမ်းစွာ အသွင်ပြောင်းပြီး ဆောင်ရွက်နေပါတယ်။

ဒါပေမဲ့ ကျွန်တော်တို့ ကံအားလျော်စွာပဲ ကံမကောင်းအကြောင်းမလှတဲ့အတွက်ကြောင့် အချို့ဒေသများမှာ ပြီးခဲ့တဲ့နှစ်များအတွင်းမှာက ဆင်ခြင်တုံတရား နည်းပါးတဲ့လူအချို့ရဲ့ ပြုမူချက်တွေကြောင့် စိတ်လိုက်မာန်ပါလုပ်ခဲ့တဲ့အတွက် ဒီနေရာတွေမှာ မလိုလားအပ်တဲ့အရုပ်ဆိုး အကျည်းတန်စေတဲ့ကိစ္စလေးများလည်း ဖြစ်ခဲ့တာအားလုံးသိပြီးဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီအဖြစ်တွေကို အကြောင်းပြုပြီးတော့ တက်လာခါစ၊ ထွန်းသစ်လာခါစ နိုင်ငံတော်ရဲ့ပုံရိပ်ကို ပျက်ပြားအောင် ဘာသာရေး၊ လူမျိုးရေး၊ ပဋိပက္ခအသွင် ဖော်ဆောင်ပြီးတော့ နိုင်ငံတကာကလည်း လုပ်ကြံစွပ်စွဲနေတာတွေလည်း တစ်ဖက်က ရှိပါတယ်။ လူမျိုးရေး၊ ဘာသာရေးခွဲခြားဆက်ဆံမှု၊ ဖိနှိပ်မှုစတဲ့ ပြင်းထန်တဲ့ စွဲချက်တွေလည်း တင်ပြီးတော့ ကမ္ဘာက မြန်မာကို တစ်မျိုးထင်အောင် ဆောင်ရွက်တဲ့အချက်တွေလည်းရှိပါတယ်။ ဒီလိုဖြစ်ရခြင်း အကြောင်းအရင်း၊ ဒီမေးခွန်းကိုမေးရခြင်း အကြောင်းအရင်းက ၂၂-၈-၂၀၁၄ မှာ အမေရိကန်နိုင်ငံရဲ့ US CIRS လို့ခေါ်တဲ့ United State Commission On International Religious Freedom ဆိုတဲ့အဖွဲ့အစည်းက commissioner နှစ်ယောက် မြန်မာနိုင်ငံကို လာပါတယ်။ လာတဲ့အခါမှာ ပြည်ထောင်စုလွှတ်တော် နာယကကို တွေ့ဆုံခွင့် Call တောင်းပါတယ်။

နာယကရဲ့ တာဝန်ပေးချက်အရ ကျွန်တော်နဲ့ ကျွန်တော်တို့ဘက်က နိုင်ငံရေး၊ စီးပွားရေး၊ ဥပဒေရေးရာကော်မရှင် ဥက္ကဋ္ဌကြီး ဦးမြင့်သိန်း၊ ဟိုဘက်က ကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူတို့ (၃) ယောက်ဟာ လက်ခံတွေ့ဆုံခဲ့ပါတယ်။ အဲဒီမှာ ကော်မရှင်အဖွဲ့ဝင် နှစ်ယောက်က နေပြီးတော့ ကျွန်တော်တို့နိုင်ငံနဲ့ ပတ်သက်လို့ သူတို့ဘက်က စွဲချက်တွေ တစ်ခုပြီးတစ်ခုတင်ပါတယ်။ ကျွန်တော်တို့ဘက်က ချေဖျက်နိုင်ပါတယ်။ ချေဖျက်နိုင်သည့်တိုင်အောင် သူတို့လာတဲ့အချိန်မှာပဲ သူတို့နဲ့ ပါလာတဲ့စာမှာ ကျွန်တော်တို့နိုင်ငံအပေါ် တင်ပြခဲ့တဲ့ ဘာသာရေးနဲ့ပတ်သက်လို့ ခွဲခြားဆက်ဆံ ဖိနှိပ်ချုပ်ချယ်မှုမှာ စိုးရိမ်ဖွယ်ကောင်းတဲ့ နိုင်ငံများစာရင်း (Countries of Particular Concern) မှာ ပါနေတယ်ဆိုတာသွားတွေ့ရပါတယ်။ ဒေါ်အေးမူ၊ သူ download လုပ်တဲ့အခါမှာ တွေ့တဲ့နိုင်ငံထဲမှာ ဝမ်းနည်းဖို့ကောင်းပါတယ်။

(၃) နိုင်ငံဟာဆိုလို့ရှိရင် ဘာသာရေးနဲ့ပတ်သက်လို့ ခွင့်ပြုချက်မရှိတဲ့ ကွန်မြူနစ်နိုင်ငံတွေဖြစ်ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ မြောက်ကိုရီးယားလို့ခေါ်တဲ့ DPRK ဒီနိုင်ငံမျိုးတွေပါပါတယ်။ နောက် Shria Law လို့ခေါ်တဲ့ အင်မတန်ပြင်းထန်တဲ့ ဘာသာရေးဥပဒေနဲ့ ဖိနှိပ်အုပ်ချုပ်တဲ့ ဆော်ဒီအာရေးဗီးယားတို့၊ အီရန်တို့ပါပါတယ်။ နောက်ပြီးတော့ အာဖရိကတိုက်က နိုင်ငံတွေပါပါတယ်။ အဲဒီလိုနိုင်ငံမျိုးနဲ့တန်းတူ အခြေခံဥပဒေနဲ့ လွတ်လွတ်လပ်လပ်နဲ့ ဘာသာရေးကို ခွင့်ပြုထားတဲ့ ကျွန်တော်တို့နိုင်ငံကို ထည့်သွင်းပြီးဖော်ပြခြင်းဟာ ကျွန်တော်တို့ အင်မတန်နစ်နာပါတယ်။ ကုလသမဂ္ဂနဲ့ နိုင်ငံတကာမျက်နှာစာမှာ ကျွန်တော်တို့ရဲ့ Image ကို သေးသိမ်အောင်ဆောင်ရွက်တယ်လို့ ကျွန်တော်တို့ သုံးသပ်ပါတယ်။ အဲဒီအချိန်တုန်းက ကျွန်တော်ကုလသမဂ္ဂကို မတင်ခင်လေးမှာ ဒါလေးမေးခဲ့ခြင်းဖြစ်ပါတယ်။

အဲဒါနဲ့ဆက်စပ်ပြီး ဘာသာရေးနဲ့ပတ်သက်ပြီးတော့ လူမှုရေး၊ ဒီလူ့အခွင့်အရေးနဲ့ ပတ်သက်ပြီး စွဲချက်တွေတင်လာမှာဖြစ်ပါတယ်။ ကျွန်တော်တို့အခြေခံဥပဒေမှာလည်း အားလုံးသိပြီးတဲ့အတိုင်းပဲ။ ပုဒ်မ ၃၄၈၊ ၃၅၄၊ ၃၆၀၊ ၃၆၁၊ ၃၆၂၊ ၃၆၃၊ ၃၆၄ ဒီမှာ ဘာသာရေးနဲ့ပတ်သက်လို့ လွတ်လွတ်လပ်လပ် ကိုးကွယ်ဖို့၊ တည်ဆောက်ဖို့ အခွင့်အရေးတွေလည်း ပေးထားပြီးဖြစ်ပါတယ်။ အဲဒီလိုဖွဲ့စည်းပုံအခြေခံမှာ ဘာသာရေးနဲ့ ပတ်သက်လို့ လွတ်လပ်ခွင့် အပြည့်အဝလည်း ရှိတယ်။ လက်တွေ့မှာလည်း လွတ်လပ်စွာ တည်ဆောက်ကိုးကွယ်သာသနာပြုခွင့်ရနေတဲ့နိုင်ငံမှာ ဒီလို ဘာသာရေးနဲ့ ပတ်သက်လို့ အထူးစိုးရိမ်ရတဲ့ နိုင်ငံများစာရင်းမှာ ထည့်သွင်းထားခြင်းကို ဒီစာရင်းက ပယ်ဖျက်ခွင့်ရရေးအတွက် ပြည်ထောင်စုအစိုးရအနေနဲ့ ဘယ်လို စီစဉ်ဆောင်ရွက်သွားမလဲဆိုတဲ့ အစီအစဉ်လေးကို ပြည်သူများ စိတ်ဝင်စားတဲ့အတွက်ကြောင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်ဦးလွင် (ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးတင်ဦးလွင် ဖြစ်ပြီး၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာပါစေကြောင်း ဦးစွာဂါရဝပြုဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ယခု ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီမှ မေးမြန်းထားသော ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဘာသာရေးလွတ်လပ်ခွင့် အပြည့်အဝရှိသည့် မြန်မာနိုင်ငံကို ဘာသာရေးခွဲခြားဆက်ဆံမှု၊ ဖိနှိပ်မှု ကိစ္စရပ်တွင် အထူးစိုးရိမ်ရသော နိုင်ငံ (Countries of Particular Concern) စာရင်းမှာ ပယ်ဖျက်သွားနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအနေနှင့် ဆောင်ရွက်မည့် အစီအစဉ်အား ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်း (၈)၊ ပုဒ်မ ၃၄၈ အရ နိုင်ငံတော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့် နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲ ချမ်းသာတို့ကို အကြောင်းပြု၍ ခွဲခြားမှု မရှိစေရဟု ဖော်ပြထားရာ မြန်မာနိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဘာသာရေး လွတ်လပ်ခွင့် အပြည့်အဝ ရှိသည်ကို တွေ့ရှိရပါတယ်။ ပုဒ်မ ၃၄ တွင် ငြိမ်ဝပ်ပိပြားရေးနှင့်သော်လည်းကောင်း၊ ပြည်သူ့ကိုယ်ကျင့်တရားနှင့်သော်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးနှင့်သော်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြားပြဋ္ဌာန်းချက်တို့နှင့်သော်လည်းကောင်း မဆန့်ကျင်လျှင် နိုင်ငံသားတိုင်းသည် ဘာသာသာသနာရေးတို့တွင် လွတ်လပ်စွာ ယူဆနိုင်သော အခွင့်အရေး၊ လွတ်လပ်စွာ ကိုးကွယ်ဆောက်တည်နိုင်သော အခွင့်အရေးတို့ကို အညီအမျှ ရရှိစေရမည်ဟု ဖော်ပြထားပါတယ်။

ဒါကြောင့် နိုင်ငံသားတိုင်းဟာ ဘာသာရေးကိုးကွယ်မှုနှင့် ပတ်သက်ပြီး လွတ်လပ်ခွင့်ရှိပြီး အညီအမျှ ရရှိကြတာကို တွေ့ရှိရမှာ ဖြစ်ပါတယ် ခင်ဗျား။ ပုဒ်မ ၄၀၇ (ဂ) နဲ့ (ဃ) အရ နိုင်ငံရေးပါတီတစ်ရပ်ရပ်သည် နိုင်ငံခြားတိုင်းပြည်တစ်ခုခုမှ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်း တစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ ပစ္စည်း၊ အခြားအထောက်အပံ့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲခြင်း၊ ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားပြုခြင်းတစ်ခုခုနှင့် ငြိစွန်းလျှင် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိစေရဟု ဖော်ပြထားတဲ့အတွက် ဘာသာရေးနှင့် နိုင်ငံရေးကို သီးခြားစီဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရမှာ ဖြစ်ပါတယ်ခင်ဗျား။

ပုဒ်မ ၃၆၀ (က) တွင် ဘာသာ သာသနာရေးဆိုင်ရာ ကိုးကွယ်တည်ဆောက်မှုသည် စီးပွားရေး၊ ဘဏ္ဍာရေး၊ နိုင်ငံရေး၊ အခြား လောကီရေးရာဆောင်ရွက်မှု တစ်ခုခုနှင့် ဆက်စပ်နေပါက ပုဒ်မ ၃၄ ပါ ဘာသာ သာသနာရေးဆိုင်ရာ လွတ်လပ်ခွင့်များတွင် မပါဝင်စေရဟုလည်းကောင်း၊ ပုဒ်မ ၃၆၀ (ခ) တွင် ထိုသို့ ဘာသာ သာသနာရေးနှင့် စပ်လျဉ်း၍ လွတ်လပ်သော အခွင့်အရေးများကို ပေးထားသော်လည်း အများပြည်သူအကျိုးကိစ္စနှင့် ပြုပြင်ရေးကိစ္စတို့အတွက် နိုင်ငံတော်၏ ဥပဒေပြုပြင်ခြင်းကို မတားမြစ်ရဟုလည်းကောင်း ဖော်ပြထားတဲ့အတွက် ဘာသာရေးကိစ္စနှင့်ပတ်သက်ပြီး မည်သို့ ဆောင်ရွက်ရမည်ကို တိကျရှင်းလင်းစွာ ဖော်ပြထားတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မေးမြန်းထားသော မေးခွန်းသည် အမေရိကန်ပြည်ထောင်စု၏ ပြည်ထောင်စုအဆင့် ဘာသာရေးလွတ်လပ်မှုကော်မရှင် (U.S Commission on International Religious Freedom) ၏ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လက ကြေညာချက်အား ရည်ညွှန်း၍ မေးမြန်းထားခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံကို စွဲချက်များတင်၍ ဘာသာရေးခွဲခြားဆက်ဆံမှု၊ ဖိနှိပ်မှုကိစ္စရပ်များတွင် အထူးစိုးရိမ်ရသော နိုင်ငံများ (Countries of Particular Concern) စာရင်းတွင် အခြားနိုင်ငံ (၇) နိုင်ငံနှင့်အတူ ထည့်သွင်းထားခဲ့ပါတယ်။ အဲဒီ (၇) နိုင်ငံကတော့ တရုတ်၊ အီရစ်ထရီးယား၊ အီရန်၊ မြောက်ကိုရီးယား၊ ဆော်ဒီအာရေးဗီးယား၊ ဆူဒန်၊ ဥဇဘတ်ကစ္စတန်နိုင်ငံတို့ ဖြစ်ပါတယ်။

၂၀၁၄ ခုနှစ်ကစပြီး အထူးစိုးရိမ်ရသော နိုင်ငံများစာရင်းတွင် တာ့ခ်မက်နစ္စတန်နိုင်ငံကိုလည်း ထည့်သွင်းထားတာဖြစ်လို့ အထူးစိုးရိမ်ရသော နိုင်ငံများစာရင်းတွင် မြန်မာနိုင်ငံအပါအဝင် (၉) နိုင်ငံရှိပါတယ်။ အမေရိကန်နိုင်ငံ ကွန်ကရက် (Congress) က ၁၉၉၈ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ဘာသာရေးလွတ်လပ်ခွင့် ဥပဒေတစ်ရပ် (International Religious Freedom Act of 1998) ကို ပြဋ္ဌာန်းလိုက်ပြီးနောက် လွတ်လပ်တဲ့ ပြည်ထောင်စုအဆင့် ဘာသာရေးလွတ်လပ်မှုကော်မရှင်ကို တည်ထောင်ခဲ့ပါတယ်။ အဲဒီကော်မရှင်ဟာ နိုင်ငံများတွင် ဘာသာရေးလွတ်လပ်ခွင့်ရှိမှုတွေကို စောင့်ကြည့်လေ့လာရပြီး အမေရိကန်သမ္မတ၊ နိုင်ငံခြားရေးဝန်ကြီးနဲ့ ကွန်ဂရက် (Congress) တို့ထံ မူဝါဒပိုင်းဆိုင်ရာ အကြံပေးမှုတွေကို ပြုလုပ်ပါတယ်။ ၎င်းတို့ရဲ့ အကြံပြုချက်များကို အစိုးရပိုင်းအနေဖြင့် အလေးထားထည့်သွင်း စဉ်းစားဆောင်ရွက်လေ့ရှိပါတယ်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနအောက်တွင်လည်း နိုင်ငံတကာဘာသာရေးလွတ်လပ်ခွင့်ဌာန (Office of International Religious Freedom) ဆိုပြီး ထားရှိပါတယ်။ ယင်းကော်မရှင်နဲ့ ဘာသာရေး လွတ်လပ်ခွင့်ဌာနတို့က နိုင်ငံတကာတွင် ဘာသာရေးလွတ်လပ်ခွင့်နဲ့ စပ်လျဉ်းပြီး ၎င်းတို့ဌာနအလိုက် နှစ်စဉ် အစီရင်ခံစာများ ထုတ်ပြန်ပါတယ်။ အစီရင်ခံစာမှာ ပြည်ပတိုင်းပြည်များတွင် ယင်းအစိုးရများက ဘာသာရေး လွတ်လပ်ခွင့် ချိုးဖောက်မှုများနဲ့ ယင်းကိစ္စရပ်များနှင့် သက်ဆိုင်သော အမေရိကန်နိုင်ငံ၏ ဆောင်ရွက်ချက် များနှင့် မူဝါဒများကို ဖော်ပြထားပါတယ်။ နှစ်စဉ် နိုင်ငံများ ဘာသာရေးလွတ်လပ်ခွင့် ချိုးဖောက်မှုများကို စနစ်တကျ တစ်စိုက်မတ်မတ်ဆောင်ရွက်သည်ဟု ၎င်းတို့က ယူဆတဲ့ နိုင်ငံများကို အမေရိကန်နိုင်ငံအစိုးရက အထူးစိုးရိမ်ရသောနိုင်ငံများ (Countries of Particular Concern) အဖြစ် သတ်မှတ်ဖော်ပြလေ့ရှိပါတယ်။

အထူးစိုးရိမ်ရသော နိုင်ငံများအဖြစ် သတ်မှတ်ရာတွင် ကော်မရှင်မှ အကြံပြုချက် (Recommendation) အပေါ် မူတည်၍ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက သတ်မှတ် (Designate) ပြုလုပ်ပါတယ်။ အမေရိကန်ပြည်ထောင်စုဘာသာရေးလွတ်လပ်မှုကော်မရှင်မှ အစီရင်ခံစာတစ်စောင် ထုတ်ပြန်ခဲ့ပါတယ်။ ယင်းအစီရင်ခံစာမှာ ၂၀၁၃ ခုနှစ်မှာ နိုင်ငံ (၁၅) နိုင်ငံကို ဘာသာရေးခွဲခြားဆက်ဆံမှု၊ ဖိနှိပ်မှုကိစ္စရပ်များတွင် အထူးစိုးရိမ်ရသောနိုင်ငံ (Countries of Particular Concern) အဖြစ် သတ်မှတ်ရန် အကြံပြုဖော်ပြခဲ့ပါတယ်။ အဲဒီနိုင်ငံတွေကတော့ မြန်မာ၊ တရုတ်၊ အီဂျစ်၊ အီရစ်ထရီးယား၊ အီရန်၊ အီရတ်၊ နိုင်ဂျီးရီးယား၊ မြောက်ကိုရီးယား၊ ပါကစ္စတန်၊ ဆော်ဒီအာရေးဗီးယား၊ ဆူဒန်၊ တာဂျစ် ကစ္စတန်၊ တာ့ခ်မက်နစ္စတန်၊ ဥဇဘက်ကစ္စတန်နဲ့ ဗီယက်နမ်နိုင်ငံတို့ ဖြစ်ကြောင်း ဖော်ပြထားပါတယ်။

၂၀၁၃ ခုနှစ်မှာ ကော်မရှင်က (၁၅) နိုင်ငံသတ်မှတ်ရန် အကြံပြုသော်လည်း အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာနက မြန်မာ၊ တရုတ်၊ အီရစ်ထရီးယား၊ အီရန်၊ မြောက်ကိုရီးယား၊ ဆော်ဒီအာရေးဗျ၊ ဆူဒန်နဲ့ ဥဇဘက်ကစ္စတန်နိုင်ငံစတဲ့ (၈) နိုင်ငံကို ဘာသာရေးလွတ်လပ်ခွင့်နဲ့ ပတ်သက်ပြီး အထူးစိုးရိမ်ရတဲ့ နိုင်ငံများ (Designated Countries of Particular Concern) အဖြစ် သတ်မှတ်ခဲ့ပါတယ်။ မြန်မာနိုင်ငံဟာ ၁၉၉၉ ခုနှစ်မှစ၍ပင် အထူးစိုးရိမ်ရတဲ့ နိုင်ငံအဖြစ် သတ်မှတ်ခံခဲ့ရပါတယ်။ အမေရိကန်နိုင်ငံဟာ အိုက်စက် (စ်) (ISIS) ကဲ့သို့ အကြမ်းဖက်အဖွဲ့များအား တိုက်ခိုက်မှုပြုလုပ်နေတဲ့ အချိန်မှာပင် တစ်ပြိုင်တည်း မှာပဲ ၎င်းတို့နဲ့ နိုင်ငံရေးအရ အဆင်မပြေတဲ့နိုင်ငံများကို အထက်ပါ (Countries of Particular Concern) ခေါင်းစဉ်အောက်မှာ သွတ်သွင်းပြီးတော့ ထိုးနှက်ဆောင်ရွက်လျက်ရှိပါတယ်။

ဤကဲ့သို့ ဆောင်ရွက်ခြင်းမှာ နိုင်ငံရေးအသွင်ဆောင်တဲ့ သတ်မှတ်ချက်တစ်ခုဖြစ်ပါတယ်။ အဆိုပါ ကိစ္စဟာ အမေရိကန်ကွန်ဂရက်နဲ့အမေရိကန်နိုင်ငံအစိုးရ၏ သဘောထားအပေါ် မူတည်၍သတ်မှတ်ထားခြင်း ဖြစ်ပါတယ်။ အထူးစိုးရိမ်ရသော နိုင်ငံများစာရင်း (Countries of Particular Concern) မှာ ပယ်ဖျက်သွားရန် ကိစ္စဟာ လက်ရှိ ကျွန်တော်တို့နိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ ဇကေန်ဖြစ်ပေါ်နေသော ပြဿနာထက် နိုင်ငံရေး သဘောထားအပေါ်မှာ မူတည်နေပါတယ်။ အထူးစိုးရိမ်ရသောနိုင်ငံများ စာရင်းမှ ပယ်ဖျက်ရန် အမေရိကန် နိုင်ငံ ကွန်ဂရက်နှင့် အစိုးရတို့ရဲ့ သဘောထားအပေါ်မှာ မူတည်နေပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဘာသာရေးလွတ်လပ်ခွင့်ဟာ ကမ္ဘာ့ လူ့အခွင့်အရေး ကြေညာစာတမ်း (The Universal Declaration of Human Rights) အရပ်ဘက်နှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် (International Covenant on Civil and Political Rights) တို့မှာ ဖော်ပြထားပါတယ်။ မြန်မာနိုင်ငံဟာ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံဖြစ်တဲ့အားလျော်စွာ လူ့အခွင့် အရေးဆိုင်ရာ ကိစ္စရပ်များကို အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ မိမိတို့ အစိုးရသစ်လက်ထက်မှာ အရေးကြီးသော လူ့အခွင့်အရေးဆိုင်ရာ အဓိကစာချုပ်များကို လက်မှတ်ရေးထိုးရန် ဆောင်ရွက်လျက်

ရှိပါတယ်။ ဘာသာရေးလွတ်လပ်ခွင့်နဲ့ ပတ်သက်ပြီး ကမ္ဘာ့နိုင်ငံကြီးများမှာပင် အမှန်တကယ်လွတ်လပ်ခွင့် ရှိ/မရှိကို မေးခွန်းထုတ်မည်ဆိုပါက ထုတ်စရာအကြောင်းအချက်များရှိနေမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ ဗုဒ္ဓဘာသာကို အများဆုံးကိုးကွယ်တဲ့နိုင်ငံဖြစ်ပြီး မည်သည့်နိုင်ငံသားကိုမျှ ဘာသာရေး အရ ကန့်သတ်ချုပ်ချယ်ထားခြင်းမရှိပါ။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ရဟန်းသံဃာများအား ဝိနည်းများနှင့်အညီ ဆောင်ရွက်ရန် ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်သမ္မတက တိုင်းပြည်အား မိန့်ခွန်းပြောကြားရာမှာ တစ်ဖက်နှင့်တစ်ဖက် ဘာသာရေးအရ မုန်းတီးစေမည့်စကားများအား မပြောကြားရန် တားမြစ်ထားပြီးဖြစ်ပါတယ်။ သာသနာရေးဝန်ကြီးဌာနမှလည်း ဘာသာကြီးများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရှိရေးအတွက် အဘက်ဘက်မှ အားပေးဆောင်ရွက်လျက်ရှိပါတယ်။ ဘာသာရေးအရ ဆောင်ရွက်မှုများသည် အခြားဘာသာတစ်ခုအား ထိခိုက်ခြင်း၊ စော်ကားခြင်း မဖြစ်ပေါ်စေရန် သက်ဆိုင်ရာ ဘာသာရေးခေါင်းဆောင်များအနေဖြင့် မိမိဘာသာအလိုက် စည်းကမ်းသတ်မှတ်ထိန်းကျောင်းသွားရန် လိုအပ်မှာဖြစ်ပါတယ်။

အထက်မှာတင်ပြခဲ့တဲ့အတိုင်း အခြေခံဥပဒေကလည်း ဘာသာရေးလွတ်လပ်မှုအတွက်ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ သာသနာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနတို့က ဘာသာရေးခွဲခြားဆက်ဆံမှု၊ ဖိနှိပ်မှု ကိစ္စရပ်များရှိပါက ဦးဆောင်၍ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီမိုကရေစီကျင့်သုံးနေတဲ့ မြန်မာ နိုင်ငံမှာ အစိုးရရဲ့ သတ်မှတ်ချက်များသာမက လွတ်လပ်စွာ ကိုးကွယ်ခွင့်နှင့်အတူ မကျေနပ်မှုများရှိပါက မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် (Myanmar National Human Rights Commisson) သို့လည်း တိုင်ကြားနိုင်ပါတယ်။ ယင်းကော်မရှင်မှလည်း ဖြေရှင်းပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြန်မာ နိုင်ငံမှာ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (Interfaith Friendship Group) ကို ဖွဲ့စည်းထားပြီး အခါအားလျော်စွာ လိုအပ်တဲ့အခါ တွေ့ဆုံညှိနှိုင်းဆောင်ရွက်မှုများလည်း ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့်လည်း မြန်မာနိုင်ငံ၏ ဘာသာရေးလွတ်လပ်ခွင့်ရှိမှု (Freedom of Religions) အပါအဝင် လူ့အခွင့် အရေး ကာကွယ်တိုးမြှင့်ရေး (Protection and Promotion of Human Rights) ကိစ္စရပ်များနှင့် စပ်လျဉ်း၍ နှစ်နိုင်ငံ လူ့အခွင့်အရေး ဆွေးနွေးပွဲများ (Human Rights Dialogues) များကို အမေရိကန်ပြည်ထောင်စု၊ European Union၊ ဂျပန်နိုင်ငံတို့နဲ့ ပြုလုပ်ကာ မြန်မာနိုင်ငံရဲ့ ပကတိဖြစ်ပေါ်မှု အခြေအနေများကို ရှင်းလင်း အသိပေး ပြောကြားခဲ့ပါတယ်။ မြန်မာ-အမေရိကန်နှစ်နိုင်ငံ လူ့အခွင့်အရေး ဆွေးနွေးပွဲများ (Myanmar-US Human Rights Dialogues) ကို ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလမှာ (၁) ကြိမ်၊ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလမှာ (၁) ကြိမ် ပြုလုပ်ခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်ခြင်းကလည်း မြန်မာနိုင်ငံရဲ့ ဘာသာရေးဆိုင်ရာ လွတ်လပ်ခွင့် ပကတိ အခြေအနေများကို အမေရိကန်အစိုးရနဲ့ ကွန်ဂရက်တို့ကို အသိပေးနိုင်တာဖြစ်ပြီး၊ နောက်နောင် မှာလည်း အလားတူဆွေးနွေးပွဲများကို အမေရိကန်နိုင်ငံ အပါအဝင် အခြားနိုင်ငံများနှင့်လည်း ဆက်လက် ဆွေးနွေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ထို့အပြင် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာနှင့်သာမက ပြည်တွင်း၌လည်း ပြည်ထဲရေး ဝန်ကြီးဌာန၊ သာသနာရေးဝန်ကြီးဌာန၊ သက်ဆိုင်သူ အဖွဲ့အစည်းများ အားလုံးနှင့်လည်း ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ ဧရာဝတီတိုင်းမဲဆန္ဒနယ်အမှတ် (၆) မှ ဦးခင်မောင်ရီရဲ့ မေးခွန်းနဲ့ နိုင်ငံခြားရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးရဲ့ ဖြေကြားချက်တို့ကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၂ အရ မြန်မာနိုင်ငံပြန်တမ်းမှာ ထုတ်ပြန်မည်ဖြစ်ကြောင်း ကြေညာပါတယ်။

## ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့တွင် ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၃) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါ်လ်ထန်ထိုင်း၏ မေးခွန်းနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်၏ဖြေကြားချက်များ

### ၂၀၁၅ ရွေးကောက်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့၏ ဆောင်ရွက်မည့် နည်းစနစ်၊ ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများနှင့်စပ်လျဉ်း၍ သိရှိလိုသည့် မေးခွန်း

**ဥက္ကဋ္ဌ**။ ။ ယခုချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၃) မှ ဦးပေါလ်ထန်ထိုင်းက ၂၀၁၅ ရွေးကောက်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တို့၏ ဆောင်ရွက်မည့် နည်းစနစ်၊ ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများနဲ့စပ်လျဉ်း၍ သိရှိလိုတဲ့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးပေါလ်ထန်ထိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၃)**။ ။ လေးစားတဲ့ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုအဆင့်လူကြီးများ၊ လွှတ်တော်ကော်မရှင်လူကြီးများ အားလုံးကို မင်္ဂလာပါလို့ လေးစားစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၃) မှ ဦးပေါလ်ထန်ထိုင်း ဖြစ်ပါတယ်။ ၂၀၁၅ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး အကြံပြုခြင်း၊ သိချင်တာလေးကိုလည်းသိလိုမှု မေးမြန်းလိုခြင်းနဲ့ ပတ်သက်ပြီး ကျွန်တော်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရက ပြည်သူ့ကိုယ်စားလှယ်များရွေးချယ်ရာမှာ တရားမျှတ၍ သန့်ရှင်းမှန်ကန်သော ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဖွဲ့စည်းတာဝန်ပေးထားသည်မှာ အားလုံးအသိဖြစ်ပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲတုန်းက ကျွန်တော်တို့ဒေသတစ်ခုရဲ့ အတွေ့အကြုံကို ကျွန်တော်အနည်းငယ်ပြောချင်ပါတယ်။ ဒါကတော့ ခရိုင်ကော်မရှင်အဖွဲ့ခွဲနဲ့ ပတ်သက်ပါတယ်။ ကျွန်တော်တို့ ဖလမ်းခရိုင်ကော်မရှင်အဖွဲ့ခွဲက တာဝန်ရှိသူများက ကျွန်တော်တို့ ကိုယ်စားလှယ်လောင်းများကို လူတွေ့စစ်ဆေးတဲ့အခါ ကျွန်တော့်မိတ်ဆွေ ကိုယ်စားလှယ်လောင်းတစ်ဦးဟာ အခြေခံဥပဒေပုဒ်မ ၁၂၀ (ဂ) အရ မြန်မာနိုင်ငံတော်အတွင်း အနည်းဆုံး (၁၀) နှစ် အခြေချ နေထိုင်ခဲ့သူမဟုတ်၍ ကိုယ်စားလှယ်လောင်းမဖြစ်နိုင်ဆိုခဲ့သော်လည်း ဘာကြောင့်လဲ ဆိုတာကတော့ ကျွန်တော်တို့ မသိတော့ဘူး။ ကိုယ်စားလှယ်လောင်းအဖြစ်ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရပါတယ်။ အဲဒီလိုဟာမျိုး အလားတူပဲ မင်းတပ်ခရိုင်မှာ ကိုယ်စားလှယ်လောင်းတစ်ဦးဟာ ခုနပုဒ်မနဲ့အညီ နိုင်ငံတော်အတွင်း တစ်ဆက်တည်း (၁၀) နှစ်မပြည့်ဘူးဆိုပြီးတော့ အပယ်ခံရပါတယ်။ အဲဒီလူကတော့ ကိုယ်စားလှယ်လောင်းအဖြစ် ပြန်လည်ပြီးတော့ အရွေးခံခွင့်မရတော့ပါ။

ဒါကျွန်တော်ပြောချင်တာကတော့ ခရိုင်ကော်မရှင်အဖွဲ့ခွဲဟာ ဗဟိုရဲ့ကိုယ်စားအရေးကြီးတဲ့ကော်မရှင် ဖြစ်တယ်။ ဒါကြောင့် လုပ်တဲ့အခါမှာလည်း မှန်ကန်ဖို့ ပြတ်သားဖို့လိုတယ်။ ကိုယ်စားလှယ်လောင်းတစ်ဦး တစ်ယောက်ကို မျက်နှာငယ်အောင် ခင်ဗျားက ဗမာမဟုတ်ဘူးဆိုပြီး နောက်တစ်ခါ ခင်ဗျား မှန်ပါတယ် ဆိုတာမျိုးကတော့ ဒီပြီးစလွယ်နဲ့ မလုပ်သင့်၊ မပြောသင့်ဘူးလို့ ကျွန်တော်ဒီကနေ ပြောချင်ပါတယ်။ ရွေးကောက်ပွဲကော်မရှင်ဆိုတာကတော့ ဘယ်အဆင့်ပဲဖြစ်ဖြစ် ပြည်သူများ ယုံကြည်လေးစားသော ကော်မရှင် အဖွဲ့ဝင်များဖြစ်ရန် လိုပါတယ်။ အဲဒါကြောင့် ပြည်သူများအမြင်ကြည်အောင် ၂၀၁၅ ရွေးကောက်ပွဲအတွက် ဗဟိုမှ ရပ်ကွက်၊ ကျေးရွာအုပ်စုအထိ ကော်မရှင်အဖွဲ့ဝင်အားလုံးသည် မည်သည့်နိုင်ငံရေးပါတီမှ မဖြစ်ခဲ့ဘူးသူ ပုဂ္ဂိုလ်များကိုသာ တာဝန်ပေးသင့်ပါတယ်။

အထူးသဖြင့် ဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးများဆိုရင် မည်သည့်နိုင်ငံရေးပါတီမျှ မဖြစ်ခဲ့ဘူးတဲ့သူဖြစ်သင့်ပါတယ်။ ရွေးကောက်ပွဲကော်မရှင်များသည် အထူးသဖြင့် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများသည် ရွေးကောက်ပွဲ

ကိစ္စမှလွဲလျှင် အခြားနိုင်ငံရေးဆိုင်ရာ စကားမပြောသင့်ပါ။ ၂၀၁၅ ယခုမှစပြီး သူတို့ပါးစပ်ပိတ်ဖို့လိုတယ်။ နောက်ပြီးတော့ ကော်မရှင်လုပ်ငန်းကတော့ မှန်မှန်ကန်ကန်အေးအေးဆေးဆေးနဲ့ပြီးနိုင်အောင် သူတို့ကတော့ ကြိုးစားပြီး ဆောင်ရွက်ဖို့လိုပါတယ်။ ဒီလို ကျွန်တော်ပြောတာကတော့ ဥက္ကဋ္ဌ ကျွန်တော်မှားချင်လည်းမှားမယ်။ ဟိုလွန်ခဲ့တဲ့လတုန်းက ကော်မရှင်ဥက္ကဋ္ဌက နိုင်ငံရေးပါတီများကိုခေါ်ပြီး ဆွေးနွေးတုန်းက ကျွန်တော့် သူငယ်ချင်းပြောတာ၊ ဒီဗဟိုကော်မရှင်ဥက္ကဋ္ဌက လွှတ်တော်မှာတဲ့ အမျိုးသမီးကိုယ်စားလှယ်နည်းတယ်တဲ့၊ အဲဒါကြောင့် ခင်ဗျားတို့ပါတီများမှာ ဒီလွှတ်တော်မှာ အမျိုးသမီးကိုယ်စားလှယ်ရောက်အောင်လုပ်ဖို့လိုတယ်လို့ ပြောတယ်တဲ့။ အဲဒီစကားကတော့ သူပြောတာမမှားပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့မြန်မာနိုင်ငံမှာကတော့ လူတစ်ယောက်က သဘောထားမှန်မှန်ကန်ကန်နဲ့ သူပြောသော်လည်းပဲ ဘေးကလူတွေက ဒီမမှန်ဘူး။ မကောင်းဘူးစသည်ဖြင့် အယူအဆရှိတတ်တယ်။ အဲဒါ ကျွန်တော်တို့ နိုင်ငံလူဦးရေ တော်တော်များများက ဒီလိုစိတ်ဓာတ်ရှိပါသေးတယ်။ အမြင်မမှန်တဲ့ ပုံစံနဲ့သူတို့ပြောတတ်တယ်။ အဲဒါကြောင့် ခုနကျွန်တော်ပြောတာ ပါးစပ်ပိတ်ဖို့လိုတယ်ဆိုတာက ဒီအတိုင်း ချိုချိုသာသာလည်း မပြောတတ်တော့ ပါးစပ်ပိတ်ပြီးထိုင်ရမယ်လို့ ကျွန်တော်ပြောတာဖြစ်ပါတယ်။

နောက်ပြီးတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၀ ရွေးကောက်ပွဲအချိန်တုန်းက ရွေးကောက်ပွဲကော်မရှင်နဲ့ အဖွဲ့ခွဲများ ရစရာမရှိအောင် ရက်ရက်စက်စက် ဝေဖန်အပြောခံရတာ အများဆုံးကတော့ ကြိုတင်မဲကြောင့်ပဲ ဖြစ်ပါတယ်။ ၂၀၁၅ ရွေးကောက်ပွဲမှာကျတော့ ကြိုတင်မဲပေးခြင်းမရှိရင် အကောင်းဆုံးဖြစ်မှာပဲ၊ အဲဒီအခါမှာ ပြောစရာ၊ ဆိုစရာမရှိတော့ပါဘူး။ နည်းသွားမှာပေ့ါ။ ကြိုတင်မဲ မှန်/မမှန် ဟိုတုန်းကတော့ ကြိုတင်မဲ မှန်/မမှန်ဆိုတာ စစ်ဆေးသူလည်းမရှိ၊ တချို့နေရာမှာ အဆမတန်ကြိုတင်မဲက များပါတယ်။ အကြောင်း အမျိုးမျိုးကြောင့် ကြိုတင်မဲ အမှန်ပေးမယ့်သူကတော့ ကျွန်တော့်အထင်နဲ့ပြောမယ်ဆိုရင် မဲပေးမယ့်သူ ဦးရေ၏ (၁) ရာခိုင်နှုန်းလောက်ပဲရှိမယ်လို့ကျွန်တော်ထင်ပါတယ်။ ဒါတောင်မှ၊ ဒီဟာထက်တောင်မှ မဲနည်း နိုင်ပါတယ်။ ကြိုတင်မဲပေးတဲ့သူကတော့။ အဲဒါကြောင့် ကော်မရှင်အဖွဲ့ဝင်များလည်း စိတ်ချမ်းသာအောင် ပြည်သူများလည်းမကျေနပ်စရာ၊ ဝေဖန်ဆိုစရာမရှိအောင် ကြိုတင်မဲပေးခြင်းမလုပ်ရင်တော့ ကောင်းမှာပဲ၊ ၂၀၁၅ ရွေးကောက်ပွဲဟာ အငြင်းအခုံစကားပြောဆိုခြင်းနဲ့ အပြစ်တင်ဝေဖန်ပြောဆိုခြင်းလည်း လျော့နည်း သွားမှာ ဖြစ်ပါတယ်။

၂၀၁၅ ရွေးကောက်ပွဲကြီးကိုလည်း အအေးဆေးဆုံးနဲ့ စိတ်အချမ်းသာဆုံးရွေးကောက်ပွဲဖြစ်သွားမှာ ဖြစ်ပါတယ်။ အကယ်၍ ကြိုတင်မဲပေးစနစ်ကို ဆက်လက်ကျင့်သုံးမယ်ဆိုရင်လည်း ကော်မရှင်အဖွဲ့ခွဲရုံးမှ ထုတ်ပေးတဲ့ ကြိုတင်မဲစာအိတ်ကို မဲပေးသူက မိမိယုံကြည်စိတ်ချရသော မိသားစုဝင်တစ်ဦးဦးထံပေးအပ်ပြီး မဲပေးတဲ့နေ့မှာ ကြိုတင်မဲစာအိတ်ကို ကော်မရှင်ရုံး သို့မဟုတ် ဒါမှမဟုတ်လို့ရှိရင် မဲရုံမှူးထံပေးအပ်ခြင်းကို ခွင့်ပြုမယ်ဆိုလို့ရှိရင် ပြဿနာလျော့နည်းနိုင်ပါတယ်လို့၊ ဒီဟာနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်သိချင်တဲ့ မေးခွန်းများ မေးတဲ့အခါမှာ ဖြေကြားမယ့်လူကြီးကနေ ကျွန်တော့်မေးခွန်းကို ပြည့်ပြည့်စုံစုံနဲ့ ဖြေကြားနိုင်ဖို့ ဥက္ကဋ္ဌကြီးကနေတစ်ဆင့် မေတ္တာရပ်ခံပါတယ်။

ကျွန်တော့်မေးခွန်းကလည်း တချို့တွေကတော့ သဘောမပေါက်တာလည်း ရှိရင်ရှိနိုင်ပါတယ်။ (၁) မေးခွန်းကတော့ ၂၀၁၀ ရွေးကောက်ပွဲမှာ ရွေးကောက်ပွဲမလုပ်နိုင်တဲ့ဒေသများအပါအဝင် တစ်နိုင်ငံလုံး ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် ပြည့်စုံစွာဖွဲ့စည်းတာဝန်ပေးနိုင်ခြင်း ရှိ/မရှိ။ (၂) ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တွင် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် ဥက္ကဋ္ဌတာဝန်ပေးတဲ့အခါမှာ လက်ရှိဝန်ထမ်းများ၊ လက်ရှိ ဝန်ထမ်းဖြစ်သူနဲ့ ဝန်ထမ်းမဟုတ်သူ အရေအတွက် ဦးရေခွဲခြားပြီးတော့ သိလိုပါတယ်။ (၃) ကတော့ ခရိုင် ကော်မရှင် ဥက္ကဋ္ဌ တာဝန်ပေးအပ်တဲ့အခါမှာ နယ်မြေဒေသကျွမ်းကျင်သူ ဒေသခံများကို ဦးစားပေးခြင်း ရှိ/မရှိ။ မည်ကဲ့သို့ တာဝန်ပေးသည်ကို သိလိုပါတယ်။ (၄) ကတော့ ကြိုတင်မဲပေးစနစ်ကျင့်သုံးပါက ကြိုတင်မဲ စာအိတ်ကို ယုံကြည်သူမိသားစုဝင်တစ်ဦးဦးက မဲပေးတဲ့နေ့မှာ တာဝန်ရှိသူအဖွဲ့အစည်းရုံးသို့ ကိုယ်စား မဲပေးအပ်ခွင့်ပြုရန် အစီအစဉ်ရှိ/မရှိ။ (၅) ကတော့ သန့်ရှင်းမှန်ကန်၍ စည်းကမ်းပြည့်ဝသော ကြိုတင်မဲပေး

စနစ် ကျင့်သုံးနိုင်ရန် မည်ကဲ့သို့ အစီအစဉ်ရှိသည်ကို သိလိုပါတယ်။ (၆) ကတော့ ၂၀၁၅ ရွေးကောက်ပွဲသည် တရားမျှတ၍ စည်းကမ်းပြည့်ဝသော ရွေးကောက်ပွဲဖြစ်မယ်ဟု ယုံကြည်ပါသလား။ ကြိုတင်ပြင်ဆင်မှု အကျဉ်းမျှ ရှင်းလင်းစေချင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမြင့်နိုင် (အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)** ။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများကို လေးစားပါတယ်ခင်ဗျား။ ကျွန်တော့် အနေနဲ့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၃) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါလ်ထန်ထိုင်း မေးမြန်းတဲ့ မေးခွန်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ရဲ့ကိုယ်စား ကျွန်တော်ဖြေကြားခွင့်ပြုပါ ခင်ဗျား။ မေးခွန်းကတော့ အချက် (၆) ချက်ဖြစ်ပါတယ်။

ပထမ (၁) အချက်ဖြစ်တဲ့ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ဖွဲ့စည်းထားရှိပေးနိုင်ခြင်း ရှိ/မရှိ အခြေအနေနဲ့ပတ်သက်၍ ဖြေကြားရမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေနဲ့ ပြည်နယ်၊ တိုင်းကော်မရှင်အဖွဲ့ခွဲ (၁၄) ဖွဲ့ကို ကော်မရှင်ရဲ့ ၇-၄-၂၀၁၀ ရက်စွဲပါ ကြေညာချက် အမှတ် ၃/၂၀၁၀ နဲ့ ကျွန်တော်တို့ ဖွဲ့စည်းပေးထားပြီးဖြစ်ပါတယ်။ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (၆၇) ဖွဲ့ကိုလည်းပဲ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ၇-၄-၂၀၁၀ ရက်စွဲပါ ကြေညာချက်အမှတ် ၄/၂၀၁၀ ကနေပြီးတော့ ၁၇/၂၀၁၀ အထိ ကြေညာချက်အမှတ်များနဲ့ ဖွဲ့စည်းပြီး ဖြစ်ပါတယ်။ နောက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲ (၆)ဖွဲ့ကိုလည်းပဲ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရဲ့ ၂၃-၈-၂၀၁၀ ရက်စွဲတူကြေညာချက်အမှတ် ၉၃/၂၀၁၀ နဲ့ ၉၄/၂၀၁၀ တို့အရ ကျွန်တော်တို့ဖွဲ့စည်းပြီးဖြစ်ပါတယ်။

နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ ဖွဲ့စည်းထားရှိမှု အခြေအနေကို ဖြေကြားရမယ် ဆိုလို့ရှိရင် ၂၀၁၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲမှာ လွတ်လပ်၍ တရားမျှတတဲ့ ရွေးကောက်ပွဲကျင်းပရန် အခြေအနေမရှိတဲ့၊ ရွေးကောက်ပွဲများကျင်းပနိုင်ခြင်းမပြုလုပ်နိုင်တဲ့ ပန်ဆန်း၊ နားဖန်း၊ ပန်ဝိုင်နဲ့မိုင်းမော မြို့နယ်တို့မှအပ ကျန်မြို့နယ် (၃၂၆) မြို့နယ်အတွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကို အားလုံးပြည့်စုံစွာ ဖွဲ့စည်းပြီး ဖြစ်ပါတယ်။ စုစုပေါင်း ရပ်ကွက်နဲ့ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲပေါင်း (၁၅၇၈၀) ကို ဖွဲ့စည်း ပေးထားခဲ့ပြီး ဖြစ်ပါတယ်။

(၂) မေးခွန်းဖြစ်တဲ့ ကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်မှာ တာဝန်ထမ်းဆောင်တဲ့ ဥက္ကဋ္ဌတာဝန်ပေးတဲ့ နေရာမှာ လက်ရှိဝန်ထမ်းဖြစ်သူနဲ့ ဝန်ထမ်းမဟုတ်သူအငြိမ်းစားများ ပါဝင်တာဝန်ပေးမှုအရေအတွက် ခွဲခြား သိလိုတယ်ဆိုတဲ့ မေးခွန်းနဲ့ ပတ်သက်၍ ဖြေကြားရမယ်ဆိုလို့ရှိရင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေနဲ့ ၂၉-၁၀-၂၀၁၄ ရက်စွဲပါ ကြေညာချက်အမှတ် ၂/၂၀၁၄ နဲ့ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဖွဲ့စည်းပေးတဲ့နေရာမှာ လိုက်နာဆောင်ရွက်ရမယ့် မူဝါဒများကို သတ်မှတ်ညွှန်ကြားထားပြီး ဖြစ်ပါတယ်။ ဒီမှာလည်းပဲ ကော်မရှင်အဖွဲ့ခွဲဝင်ဖြစ်ဖို့ရာ ပါတီနိုင်ငံရေးနဲ့ ကင်းရှင်းရမယ့်သူ ဖြစ်ရပါမယ်။ အများပြည်သူ ယုံကြည်လေးစားခြင်းခံရတဲ့ပုဂ္ဂိုလ်တွေလည်းဖြစ်ရမယ်ဆိုပြီးတော့ အပိုဒ် (၆) မှာအရည်အချင်းများကို သတ်မှတ်ထားပါတယ်။

ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ ဥက္ကဋ္ဌ တာဝန်ပေးတဲ့နေရာမှာ လက်ရှိဝန်ထမ်းတစ်ဦးမှမပါဝင်ဘဲနဲ့ အများပြည်သူ ယုံကြည်လေးစားခြင်းခံရတဲ့ ပုဂ္ဂိုလ်များကိုသာ တာဝန်ပေးအပ်ထားတဲ့အတွက်ကြောင့် ဝန်ထမ်းဦးရေနဲ့ အငြိမ်းစားဦးရေလို့ ခွဲခြားဖော်ပြရန်မလိုအပ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

(၃) မေးခွန်းဖြစ်တဲ့ ကျွန်တော်တို့ဒေသခံများကို ဦးစားပေးခြင်း ရှိ/မရှိဆိုတဲ့မေးခွန်းနဲ့ ပတ်သက်၍ ဖြေရမယ်ဆိုလို့ရှိရင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ညွှန်ကြားချက်အမှတ် ၂/၂၀၁၄ စာပိုဒ် (င) မှာ သက်ဆိုင်ရာဒေသမှာ အမြဲတမ်းနေထိုင်ပြီးတော့မှ ဒေသခံပြည်သူများက ယုံကြည်လေးစားသူများ ဖြစ်ရမယ်ဆိုပြီးတော့ ပြဋ္ဌာန်းထားတဲ့အတွက်ကြောင့် ခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ တာဝန်သာမကဘဲနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နဲ့ မြို့နယ်ကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်ရဲ့ ဥက္ကဋ္ဌတာဝန်များ ပေးအပ်တဲ့နေရာမှာ ဒေသခံအများယုံကြည်လေးစားခြင်းခံရတဲ့ ပုဂ္ဂိုလ်များကိုသာ ခန့်အပ်တာဝန်ပေးခြင်းဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

မေးခွန်း (၄) နဲ့ ပတ်သက်၍ ကြိုတင်ဆန္ဒမဲပေးတဲ့နေရာမှာ ကိုယ်စားပေးခြင်း ပြုနိုင်/မပြုနိုင်နဲ့ ပတ်သက်၍ ဖြေကြားရမယ်ဆိုလို့ရှိရင် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၃ နှင့် နည်းဥပဒေ ၃၉ (ဆ) မှာ ရွေးကောက်ပွဲများမှာ ကြိုတင်ဆန္ဒမဲလက်မှတ်နဲ့ ဆန္ဒမဲပေးပြီးသူများမှအပ ကျန်တဲ့ဆန္ဒမဲပေးသူများဟာ မဲရုံသို့ ကိုယ်တိုင်လာရောက်၍ ဆန္ဒမဲပေးရမယ်၊ ကိုယ်စားလှယ်စေလွှတ်၍ ဆန္ဒမဲပေးခြင်းမပြုရဟု ပြဋ္ဌာန်းထားပါတယ်။ ကြိုတင်ဆန္ဒမဲပေးရာမှာလည်းပဲ ကြိုတင်မဲစာအိတ်ကို ယုံကြည်သူမိသားစုဝင်တစ်ဦးဦးက မဲပေးသည့်နေ့မှာ တာဝန်ရှိသူအဖွဲ့အစည်းရုံးသို့ ကိုယ်စားပေးအပ်ခွင့်ပြုရန် အစီအစဉ်မရှိပါဘူး။ ဤဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကိုယ်တိုင်သာဆန္ဒပေးရမယ်ဖြစ်ကြောင်း ဖြေကြားလိုပါတယ်။

ဆက်လက်ပြီးတော့ သန့်ရှင်းတဲ့ကြိုတင်မဲစနစ်ကျင့်သုံးရန်မေးမြန်းထားတဲ့ မေးခွန်း (၅) နဲ့ပတ်သက်လို့ ဖြေကြားရမယ်ဆိုလို့ရှိရင် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၅၅ မှာ ပြင်ပမှာရှိတဲ့ မဲဆန္ဒနယ် ရှိတယ်။ ပြည်တွင်းရှိတဲ့ မဲဆန္ဒရှင်တွေနောက် အစိုးရခွင့်ပြုချက်နဲ့ နိုင်ငံပြင်ပကို ရောက်ရှိနေတဲ့လူတွေ ရွေးကောက်ပွဲမှာ မိမိတို့ရဲ့ မဲဆန္ဒပေးပိုင်ခွင့်ကို အပြည့်အဝကျင့်သုံးနိုင်စေရန်ဆိုပြီးတော့ ကြိုတင်မဲပေးနိုင်ဖို့ ကော်မရှင်နှင့် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများက ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နည်းဥပဒေ ၅၆ မှ ၆၄ အထိ မဲဆန္ဒရှင်များက ကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်ရှိ ကော်မရှင်အဖွဲ့ခွဲများ၊ ကြိုတင်မဲပေးခြင်းနှင့်ပတ်သက်တဲ့ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုက်နာဆောင်ရွက်ရန်ရှိတဲ့ နည်းလမ်းများကိုလည်းပဲ ပြည့်ပြည့်စုံစုံ ပြဋ္ဌာန်းပေးထားပြီး ဖြစ်ပါတယ်။

ထို့နည်းတူပဲ နည်းဥပဒေ ၅၁ (က) မှာ ရွေးကောက်ပွဲကျင်းပတဲ့နေ့မှာ မိမိနှင့်သက်ဆိုင်တဲ့ မဲဆန္ဒနယ်ရဲ့ ပြင်ပကို ခရီးသွားလာရန်ရှိသူတစ်ဦးကလည်းပဲ ကြိုတင်ဆန္ဒမဲလက်မှတ်နဲ့ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲထံကို ကြိုတင်ပြီးတော့မှ ဆန္ဒမဲပေးနိုင်ပါတယ်။ အဲဒီလို မဲဆန္ဒနယ်ရဲ့ ပြင်ပသို့ ခရီးဝေးသွားရန်ရှိကြောင်း ခိုင်လုံတဲ့ အထောက်အထား တင်ပြနိုင်မယ်ဆိုရင်လည်းပဲ ကြိုတင်ဆန္ဒမဲ ပေးခွင့်ပြုပါတယ်။

ဒါ့အပြင်ရွေးကောက်ပွဲကျင်းပတဲ့နေ့မှာ မဲဆန္ဒနယ်အတွင်းရှိသော်လည်းပဲ မဲရုံသို့ကိုယ်တိုင်လာရောက် ဆန္ဒမဲမပေးနိုင်တဲ့ အသက်အရွယ်ကြီးရင့်သူတွေ၊ အနာကြီးရောဂါစွဲကပ်နေသူတွေ၊ နေအိမ်မှာ ရောဂါဝေဒနာပြင်းထန်စွာ ခံစားနေရတဲ့လူတွေ၊ နေအိမ်မှာ မီးဖွားနေတဲ့လူတွေ၊ မသန်စွမ်းသူတွေ၊ နောက် အကျဉ်းစခန်းများမှာ အချုပ်ခံနေရတဲ့လူတွေ၊ ဆေးရုံမှာ တက်ရောက်ပြီးတော့မှ အတွင်းလူနာအဖြစ်နဲ့ ကုသနေရတဲ့ လူတွေအတွက်လည်းပဲ ကြိုတင်မဲပေးနိုင်တဲ့နည်းလမ်းများကို နည်းဥပဒေ ၅၁ (ခ) မှာ ပြည့်စုံစွာ ဖော်ပြထားတဲ့ အတွက်ကြောင့် ဒီသတ်မှတ်ချက်များအတိုင်းပဲ ဆောင်ရွက်လျက်ရှိပါတယ်။ ဆောင်ရွက်သွားမယ်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ရွေးကောက်ပွဲကျင်းပတဲ့နေ့မှာ မဲစာရင်းမှာပါရှိရာဒေသမှ ကျော်လွန်ပြီးတော့မှ သွားရောက်တာဝန် ထမ်းဆောင်နေရတဲ့ တပ်မတော်သားတွေ ဒါမှမဟုတ် ရဲတပ်ဖွဲ့ဝင်များက ကြိုတင်ဆန္ဒမဲပေးလိုပါကလည်းပဲ ကြိုတင်ဆန္ဒမဲလက်မှတ်နဲ့ ဆန္ဒမဲပေးနိုင်ရန် နည်းဥပဒေ ၅၁(ဂ)နဲ့ (ဆ) ထိ ပြဋ္ဌာန်းချက်များအရ ဆောင်ရွက် လျက်ရှိပါတယ်။

ဒီ နည်းဥပဒေများမှာ ကြိုတင်မဲပေးမည့်သူရဲ့ သူစာရင်းကို ကပ်ထားကြေညာခြင်းပြုပါတယ်၊ နောက်ကြိုတင်မဲပေးထားတဲ့ မဲစာအိတ်များ မှတ်ပုံတင်ခြင်းနှင့် ချိပ်ပိတ်ထားတဲ့ မဲပုံးများအတွင်းမှာ ဒီကြိုတင်လက်မှတ်တွေကို သိမ်းဆည်းထားပါတယ်။ ဒီလို သိမ်းဆည်းထားတဲ့ ကာလအတွင်းမှာပဲ လွှတ်တော်ကိုယ်စားလှယ်လောင်း၊ ရွေးကောက်ပွဲကိုယ်စားလှယ်၊ မဲရုံကိုယ်စားလှယ်နဲ့ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများကို လိုက်ပါကြည့်ရှုခွင့်ပြုပါတယ်။ သတ်မှတ်ကာလအတွင်း အများပြည်သူရှေ့မှောက်မှာ ကြိုတင်မဲများကို ဖွင့်ဖောက်ရေတွက်ခြင်းပြုပါတယ်။ ဒါကြောင့် ပွင့်လင်းမြင်သာတဲ့ ကြိုတင်မဲပေးတဲ့စနစ်ကို ကျင့်သုံးနိုင်ရန် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများမှာ ပြည့်ပြည့်စုံစုံထည့်သွင်းပြဋ္ဌာန်းပေးထားပါတယ်။ ဒ့ါအပြင် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၊ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများသို့လည်းပဲ ရွေးကောက်ပွဲဆိုင်ရာ သင်တန်းများပို့ချတဲ့အခါမှာ ကြိုတင်မဲပေးခြင်းစနစ်ကို ထည့်သွင်းပညာပေးများ ပြုလုပ်ခဲ့ပါတယ်။

ဆက်လက်ပြီးတော့ပဲ ဒီလိုပဲပညာပေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ဖြေကြားလိုပါတယ်။ မေးခွန်း (၆) နဲ့ စပ်လျဉ်းပြီး အကျဉ်းမျှ ဖြေကြားရမယ်ဆိုလို့ရှိရင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဟာ ၂၀၁၅ ခုနှစ်မှာ ကျင်းပပြုလုပ်မယ့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရန် မဟာဗျူဟာ စီမံကိန်းတစ်ရပ်ကို ရည်မှန်းချက် (၁၂) ရပ်ထားရှိပြီးတော့မှ ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ (၅) နှစ်စီမံချက်ဖြင့် နိုင်ငံတကာ စံချိန်စံညွှန်းများနဲ့ ကိုက်ညီစေရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ဒ့ါအပြင် မြန်မာနိုင်ငံတစ်ဝန်းလုံး အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းလုပ်ငန်း ပထမအဆင့်ကိုလည်း ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလမှ ဒီဇင်ဘာလအထိလည်းကောင်း၊ ဒုတိယအဆင့်ကို ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလအထိလည်းကောင်း၊ တတိယအဆင့်ကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအထိလည်းကောင်း၊ စတုတ္ထအဆင့်ကို ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလမှ ဧပြီလအထိလည်းကောင်း ဆောင်ရွက်သွားမှာဖြစ်ပြီးတော့မှ ကွန်ပျူတာစနစ်နဲ့ စာရင်းရေးသွင်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ အပြီးဆောင်ရွက်ရန် လျာထားထားရှိပါကြောင်း တင်ပြလိုပါတယ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဟာ ပြောင်းလဲလာတဲ့ အချိန်ကာလနဲ့အညီ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများမှာ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း လိုအပ်ချက်များကို ဆောင်ရွက်ခဲ့ပြီးတော့မှ ဒီနည်းဥပဒေများကို ၁၀-၉-၂၀၁၄ ရက်နေ့မှာလည်းကောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်တဲ့နည်းဥပဒေ ပြဋ္ဌာန်းပြီးတော့မှ ၁၄-၁၁-၂၀၁၄ ရက်နေ့တွင်လည်းကောင်း လွှတ်တော်ကိုယ်စားလှယ်များအား ဖြန့်ဝေနိုင်ရေးအတွက် သက်ဆိုင်ရာလွှတ်တော်ရုံးများသို့ ပေးပို့ထားပြီးလည်းဖြစ်ပါတယ်။

ထိုသို့ ပြင်ဆင်ထားသည့် နည်းဥပဒေများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်၊ နေပြည်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနဲ့ ခရိုင်ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်၊ ရပ်ကွက်နဲ့ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနဲ့ မဲရုံအဖွဲ့ဝင်များ လုပ်ငန်းလမ်းညွှန်များကိုလည်းပဲ ပြင်ဆင်ရေးသားပြီးတော့ ပုံနှိပ်ထားဆဲဖြစ်ပါတယ်။ မကြာမီ ပြီးစီးမှာဖြစ်တဲ့အတွက်ကြောင့် ပုံနှိပ်ပြီးစီးသွားရင်လည်းပဲ ဖြန့်ဝေဖို့စီစဉ်ထားရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

ဒ့ါအပြင် ရွေးကောက်ပွဲမှာ ပါဝင်ပတ်သက်သူအားလုံးကို ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များနဲ့ စပ်လျဉ်းတဲ့ ပညာပေးရေးတို့အတွက် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နဲ့လည်းကောင်း၊ နိုင်ငံရေးပါတီများ၊

အရပ်ဘက် လူ့အဖွဲ့အစည်းများနဲ့လည်းကောင်း အကြိမ်ကြိမ်တွေ့ဆုံ၍ ဆွေးနွေးပွဲများနဲ့ အလုပ်ရုံဆွေးနွေးပွဲများကို ပြုလုပ်ခဲ့ပါတယ်။ ပြုလုပ်ဆဲလည်းဖြစ်ပါတယ်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေများက ပေးအပ်ထားတဲ့ အဓိကတာဝန်ကြီးသုံးရပ်ဖြစ်တဲ့ လွတ်လပ်၍ တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများအောင်မြင်စွာ ကျင်းပပေးရန်၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ဥပဒေနဲ့အညီ နိုင်ငံရေးပါတီများကို မှတ်ပုံတင်ခြင်း၊ ကြီးကြပ်ခြင်းနဲ့ ကြီးကြပ်စေခြင်းတို့ပြုလုပ်ရန်၊ ရွေးကောက်တင်မြှောက်ခံရခြင်းနဲ့စပ်လျဉ်း၍ ကန့်ကွက်မှုများကို အဆုံးအဖြတ်ပေးရန်စသည့်လုပ်ငန်းတာဝန်များကို နိုင်ငံနဲ့ ပြည်သူ့အကျိုးအတွက် မှန်ကန်မျှတပြီး ပွင့်လင်းမြင်သာစွာဖြင့် ဥပဒေနဲ့အညီ အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ လွတ်လပ်၍ တရားမျှတပြီး အများယုံကြည်လက်ခံတဲ့ ရွေးကောက်ပွဲဖြစ်စေရန်အတွက် နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများ၊ မီဒီယာများနဲ့ ပူးပေါင်းဆောင်ရွက်သွားမည့်အပြင် ပြည်တွင်း/ပြည်ပရွေးကောက်ပွဲ လေ့လာစောင့်ကြည့်သူများကိုပါ ဖိတ်ခေါ်ပြသပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဦးပေါလ်ထန်ထိုင်းရဲ့ မေးခွန်းနဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်ရဲ့ ဖြေကြားချက်ကို အမျိုးသားလွှတ်တော်နည်းဥပဒေ ၁၂၂ အရ အများပြည်သူသိရှိနိုင်ရန် မြန်မာနိုင်ငံပြန်တမ်းမှာ ထည့်သွင်းဖို့ ဆုံးဖြတ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နယ်စပ်ရေးရာဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်

( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက် )

### တင်ဒါစိစစ်ရွေးချယ်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းခြင်း

အမှတ် ၁ ။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် အိန္ဒိယနိုင်ငံတို့ပူးပေါင်း၍ ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် အိန္ဒိယနိုင်ငံအစိုးရ၏ အထောက်အပံ့ဖြင့် ဒုတိယအကြိမ်မြောက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လမ်း/တံတား၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ရာတွင် စံချိန်စံညွှန်းပြည့်မီရေး၊ အရည်အသွေးပြည့်မီရေး၊ အချိန်မီပြီးစီးရေး စိစစ်ဆောင်ရွက်နိုင်ရန်အတွက် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်သည့် တင်ဒါစိစစ်ရွေးချယ်ရေး ဗဟိုအဖွဲ့အား ဖွဲ့စည်းလိုက်ပါသည် -

(က) ဗိုလ်ချုပ်တင်အောင်ချစ် — ဥက္ကဋ္ဌ
ဒုတိယဝန်ကြီး
နယ်စပ်ရေးရာဝန်ကြီးဌာန

(ခ) ဗိုလ်မှူးကြီးဇော်မင်းဦး — အဖွဲ့ဝင်
ဝန်ကြီး
လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
ချင်းပြည်နယ်အစိုးရအဖွဲ့

(ဂ) ဦးကျော့နား — အဖွဲ့ဝင်
အလုပ်အမှုဆောင် (စီမံ)
နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

(ဃ) Deputy Chief of Mission and / or First Secretary (Development Cooperation Embassy of India) — အဖွဲ့ဝင်

(င) ဦးထွေးလှ — အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

အမှတ် ၂။ ။ တင်ဒါစိစစ်ရွေးချယ်ရေး ဗဟိုအဖွဲ့သည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) လုပ်ငန်းအမျိုးအစားအလိုက် သက်ဆိုင်ရာဌာန တာဝန်ခံမှတင်သွင်းလာသော တင်ဒါများအပေါ် တင်ဒါစည်းကမ်းနှင့် ကိုက်ညီမှု ရှိ/မရှိ ရှင်းလင်းတင်ပြချက် တန်းစီဇယားကို စိစစ်အတည်ပြုရန်၊

(ခ) တင်ဒါစနစ်ဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်ပါဝင်သော အစီရင်ခံစာကို စိစစ်အတည်ပြုရန်၊

(ဂ) တင်ဒါရွေးချယ်ရာတွင် တင်ဒါတင်သွင်းလာသည့် ကုမ္ပဏီ/အဖွဲ့အစည်းများမှ ယုံကြည်စိတ်ချရသည့် ကုမ္ပဏီ/ အဖွဲ့အစည်းကို ထည့်သွင်း စဉ်းစားရန်၊

(ဃ) ပညာရှင်/လူအင်အားနှင့် ယာဉ်/စက်/ယန္တရားအင်အားပြည့်စုံလုံလောက်စွာ ပိုင်ဆိုင်သည့် ကုမ္ပဏီ (သို့မဟုတ်) တွဲဖက်ဆောင်ရွက်နိုင်သော ကုမ္ပဏီကို စဉ်းစားရန်၊

(င) ဝန်ကြီးဌာနမှ သတ်မှတ်ထားသော စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်နိုင်သော ကုမ္ပဏီကို စဉ်းစားရွေးချယ်ရန်၊

(စ) သတ်မှတ်ထားသော ကာလအတွင်း အရည်အသွေးမီစွာဖြင့် ပြီးစီးအောင်ဆောင်ရွက်နိုင်သော ကုမ္ပဏီကို စဉ်းစားရွေးချယ်ရန်၊

(ဆ) တစ်စုတစ်စည်းတည်းအောင်မြင်စွာ အကောင်အထည်ဖော်နိုင်သည့် စွမ်းအားရှိသော ကုမ္ပဏီကို စဉ်းစားရွေးချယ်ရန်၊

(ဇ) တင်ဒါစိစစ်ရွေးချယ်ခဲ့မှု အခြေအနေအား ပြည်ထောင်စုဝန်ကြီးထံ တင်ပြအတည်ပြုချက်ရယူရန်။

ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နယ်စပ်ရေးရာဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန
## (ဝန်ကြီးရုံး)

၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်
( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက် )

အမှတ် ၂။ ။ ၁၉၉၆ ခုနှစ်၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေအခန်း (၆)၊ ပုဒ်မ (၁၉) အရလည်းကောင်း၊ ၁၉၉၈ ခုနှစ်၊ ရုပ်မြင်သံကြားနှင့်ဗီဒီယိုလုပ်ငန်းဆိုင်ရာ နည်းဥပဒေအခန်း (၆) အပိုဒ် (၂၃) (၂၄) အရလည်းကောင်း ဖွဲ့စည်းပေးထားသည့် ရှမ်းပြည်နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီသည်

၂၀၁၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် သက်တမ်းကုန်ဆုံးပြီဖြစ်ပါသဖြင့် ပြည်နယ်ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီများကို အောက်ပါပုဂ္ဂိုလ်များဖြင့် အသစ်ပြန်လည် ဖွဲ့စည်းလိုက်သည် -

(က) **ရှမ်းပြည်နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ**

| | | |
|---|---|---|
| (၁) | ဦးနိုင်ဝင်း<br>ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး<br>ရှမ်းပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (၂) | ဦးမြင့်အောင်<br>ပြည်နယ်အုပ်ချုပ်ရေးမှူး<br>ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဦးကြည်ဝင်း<br>ညွှန်ကြားရေးမှူး<br>ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဦးမြင့်လွင်<br>ပြည်နယ်ဥပဒေအရာရှိ<br>ရှမ်းပြည်နယ်ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| (၅) | ဒုတိယရဲမှူးကြီးလှိုင်တင့်<br>ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၆) | သူရဦးထင်ကျော်မိုး<br>ညွှန်ကြားရေးမှူး<br>ရှမ်းပြည်နယ်ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ဦးစိုင်းဆမ်တစ်<br>ဒုတိယညွှန်ကြားရေးမှူး<br>ရှမ်းပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ဦးသက်ထွန်းဝင်း<br>ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဗီဒီယိုအခြေခံအဖွဲ့<br>မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး | အဖွဲ့ဝင် |
| (၉) | ဦးမိုးစည်သူ<br>ဦးစီးအရာရှိ<br>မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန | အတွင်းရေးမှူး |

(ခ) **တွဲဖက်ပြည်နယ်ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ (လားရှိုး)**

| | | |
|---|---|---|
| (၁) | ဦးစိန်အုပ်<br>ညွှန်ကြားရေးမှူး<br>ရှမ်းပြည်နယ်ဒုတိယအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊လားရှိုးမြို့ | ဥက္ကဋ္ဌ |
| (၂) | ဦးကြင်ဦး<br>ခရိုင်ဥပဒေအရာရှိ<br>ခရိုင်ဥပဒေရုံး၊ လားရှိုးမြို့ | အဖွဲ့ဝင် |
| (၃) | ဒုတိယရဲမှူးကြီး လှမျိုးရှိန်<br>တွဲဖက်ပြည်နယ်ရဲတပ်ဖွဲ့မှူး<br>တွဲဖက်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၊ လားရှိုးမြို့ | အဖွဲ့ဝင် |

(၄) ဦးနေလင်းအေး — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၊ လားရှိုးမြို့

(၅) ဦးဝေလင်း — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
တွဲဖက်ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
လားရှိုးမြို့

(၆) ဦးကျော်နိုင်သင်း — အဖွဲ့ဝင်
တွဲဖက်ဥက္ကဋ္ဌ
တွဲဖက်ပြည်နယ်ဗီဒီယိုအခြေခံအဖွဲ့၊ လားရှိုးမြို့

(၇) ဦးရဲလင်း — အတွင်းရေးမှူး
ဦးစီးအရာရှိ
မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန
လားရှိုးမြို့

(ဂ) **တွဲဖက်ပြည်နယ်ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ (ကျိုင်းတုံ)**

(၁) ဦးတင်မောင်ဆွေ — ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူး
ရှမ်းပြည်နယ်ဒုတိယအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ကျိုင်းတုံမြို့

(၂) ဦးစိုးစိုး — အဖွဲ့ဝင်
ခရိုင်ဥပဒေအရာရှိ
ခရိုင်ဥပဒေရုံး၊ ကျိုင်းတုံမြို့

(၃) ဒုတိယရဲမှူးကြီး ကျော်ထွန်း — အဖွဲ့ဝင်
တွဲဖက်ပြည်နယ်ရဲတပ်ဖွဲ့မှူး
တွဲဖက်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၊ ကျိုင်းတုံမြို့

(၄) ဒေါ်ရွှေစင်ရီ — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၊ ကျိုင်းတုံမြို့

(၅) ဦးမောင်ကြည် — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
တွဲဖက်ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ကျိုင်းတုံမြို့

(၆) ဦးစိုင်းဆိုင်ခမ်း — အဖွဲ့ဝင်
တွဲဖက်ဥက္ကဋ္ဌ
တွဲဖက်ပြည်နယ်ဗီဒီယိုအခြေခံအဖွဲ့၊ ကျိုင်းတုံမြို့

(၇) ဦးစောဝင်းနိုင် — အတွင်းရေးမှူး
ဦးစီးအရာရှိ
မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန
ကျိုင်းတုံမြို့

**(ဝန်ကြီးရုံး)**

၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်

( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက် )

အမှတ် ၃ ။ ။ ၁၉၉၆ ခုနှစ်၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေအခန်း (၆)၊ ပုဒ်မ (၁၉) အရ လည်းကောင်း၊ ၁၉၉၈ ခုနှစ်၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုလုပ်ငန်းဆိုင်ရာ နည်းဥပဒေအခန်း (၆) အပိုဒ် (၂၃) (၂၄) အရ လည်းကောင်း ဖွဲ့စည်းခဲ့သည့် (၂) နှစ်သက်တမ်းရှိသော မွန်ပြည်နယ်ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် အသစ်ပြန်လည် ဖွဲ့စည်းလိုက်သည် -

(က) **မွန်ပြည်နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ**

| | | |
|---|---|---|
| (၁) | ဒေါက်တာတိုးတိုးအောင်<br>စည်ပင်သာယာရေးဝန်ကြီး<br>မွန်ပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (၂) | ဦးလှိုင်စိုးသန့်<br>ညွှန်ကြားရေးမှူး<br>မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ရဲမှူးကြီးသောင်းဝင်း<br>ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး<br>မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၄) | ဦးဝင်းညွှန့်<br>ညွှန်ကြားရေးမှူး<br>မွန်ပြည်နယ်ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဦးအရှန်းကူးမား<br>ပြည်နယ်မန်နေဂျာ<br>မွန်ပြည်နယ်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၆) | ဦးမြင့်သိန်းထွန်း<br>ပြည်နယ်ဥပဒေအရာရှိ<br>မွန်ပြည်နယ်ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| (၇) | ဦးကျော်ဝင်းအောင်<br>ဒုတိယညွှန်ကြားရေးမှူး<br>မွန်ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ဒေါ်အေးအေးမော်<br>ဥက္ကဋ္ဌ၊ မွန်ပြည်နယ်ဗီဒီယိုအခြေခံအဖွဲ့<br>မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး | အဖွဲ့ဝင် |
| (၉) | ဦးအေးဆွေ<br>ညွှန်ကြားရေးမှူး<br>မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ | အတွင်းရေးမှူး |

ရဲထွဋ်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်
( ၂၀၁၅ ခုနှစ်၊ မတ်လ ၁၃ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

[ ယခင်အပတ်မှအဆက် ]

### စစ်ရာထူးခန့်ချုပ်ရုံး
### (ကြည်းတပ်ဌာနခွဲ)

၁၃၇၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်
( ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက် )

အမှတ် ၁၇၀/၂၀၁၄ ။ ။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၇) မှ အောက်ဖော်ပြပါ ဗိုလ်လောင်းများအား ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့မှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | |
|---|---|---|---|
| (၆၆) | စိုးသီဟထွန်း | ကြည်း | ၆၈၁၃၁ |
| (၆၇) | ပြည့်ဖြိုးပိုင် | ကြည်း | ၆၈၁၃၂ |
| (၆၈) | စိုင်းအောင်နွယ် | ကြည်း | ၆၈၁၃၃ |
| (၆၉) | ဟိန်းဝေဇော် | ကြည်း | ၆၈၁၃၄ |
| (၇၀) | လင်းခန့်အောင် | ကြည်း | ၆၈၁၃၅ |
| (၇၁) | ဇော်ဇော်ထွန်း | ကြည်း | ၆၈၁၃၆ |
| (၇၂) | အောင်ကိုဦး | ကြည်း | ၆၈၁၃၇ |
| (၇၃) | ကျော်ငြိမ်းဦး | ကြည်း | ၆၈၁၃၈ |
| (၇၄) | မင်းဟိန်းထက် | ကြည်း | ၆၈၁၃၉ |
| (၇၅) | ဆက်ပိုင်ထွန်း | ကြည်း | ၆၈၁၄၀ |
| (၇၆) | သန့်ဇင် | ကြည်း | ၆၈၁၄၁ |
| (၇၇) | အောင်မင်းခန့် | ကြည်း | ၆၈၁၄၂ |
| (၇၈) | အောင်မြင့်မြတ် | ကြည်း | ၆၈၁၄၃ |
| (၇၉) | ခန့်ကိုကို | ကြည်း | ၆၈၁၄၄ |
| (၈၀) | ဇော်မျိုးအောင် | ကြည်း | ၆၈၁၄၅ |
| (၈၁) | ရဲမော်ဦး | ကြည်း | ၆၈၁၄၆ |
| (၈၂) | ကျော်ကျော်ငြိမ်း | ကြည်း | ၆၈၁၄၇ |
| (၈၃) | ရဲထက်မောင် | ကြည်း | ၆၈၁၄၈ |
| (၈၄) | ဇင်မင်းသူ | ကြည်း | ၆၈၁၄၉ |
| (၈၅) | ကျော်ဇော | ကြည်း | ၆၈၁၅၀ |
| (၈၆) | သက်နိုင်စိုး | ကြည်း | ၆၈၁၅၁ |
| (၈၇) | အောင်မိုးသက် | ကြည်း | ၆၈၁၅၂ |
| (၈၈) | ရဲမင်းထွေး | ကြည်း | ၆၈၁၅၃ |
| (၈၉) | ဥက္ကာပိုင် | ကြည်း | ၆၈၁၅၄ |

| | | | |
|---|---|---|---|
| (၉၀) | ထူးငြိမ်းစိုး | ကြည်း | ၆၈၁၅၅ |
| (၉၁) | ဟိန်းလှမြင့် | ကြည်း | ၆၈၁၅၆ |
| (၉၂) | ကောင်းမြတ်ထွန်း | ကြည်း | ၆၈၁၅၇ |
| (၉၃) | သက်ထူးအောင် | ကြည်း | ၆၈၁၅၈ |
| (၉၄) | မျိုးလင်းထွန်း | ကြည်း | ၆၈၁၅၉ |
| (၉၅) | လင်းထက်အောင် | ကြည်း | ၆၈၁၆၀ |
| (၉၆) | သန့်ဇင်ထွန်း | ကြည်း | ၆၈၁၆၁ |
| (၉၇) | ဝေမျိုးထွေး | ကြည်း | ၆၈၁၆၂ |
| (၉၈) | ငြိမ်းသူ | ကြည်း | ၆၈၁၆၃ |
| (၉၉) | ထိန်လင်း | ကြည်း | ၆၈၁၆၄ |
| (၁၀၀) | ထင်လင်းဇော် | ကြည်း | ၆၈၁၆၅ |
| (၁၀၁) | သော်ဇင်ဦး | ကြည်း | ၆၈၁၆၆ |
| (၁၀၂) | ရဲညီညီနိုင် | ကြည်း | ၆၈၁၆၇ |
| (၁၀၃) | ကောင်းထက်မင်း | ကြည်း | ၆၈၁၆၈ |
| (၁၀၄) | အောင်ချမ်းဟိန်း | ကြည်း | ၆၈၁၆၉ |
| (၁၀၅) | ဟိန်းသူအောင် | ကြည်း | ၆၈၁၇၀ |
| (၁၀၆) | ကောင်းထက်လင်း | ကြည်း | ၆၈၁၇၁ |
| (၁၀၇) | ရဲမင်းအောင် | ကြည်း | ၆၈၁၇၂ |
| (၁၀၈) | မင်းမင်းဇော် | ကြည်း | ၆၈၁၇၃ |
| (၁၀၉) | ကျော်ရဲအောင် | ကြည်း | ၆၈၁၇၄ |
| (၁၁၀) | မြတ်ကိုကို | ကြည်း | ၆၈၁၇၅ |
| (၁၁၁) | မြင့်သူ | ကြည်း | ၆၈၁၇၆ |
| (၁၁၂) | ဖြိုးနေပိုင် | ကြည်း | ၆၈၁၇၇ |
| (၁၁၃) | မင်းသွေးကျော် | ကြည်း | ၆၈၁၇၈ |
| (၁၁၄) | မျိုးထက်အောင် | ကြည်း | ၆၈၁၇၉ |
| (၁၁၅) | မိုးနိုင် | ကြည်း | ၆၈၁၈၀ |
| (၁၁၆) | အောင်မျိုးဌေး | ကြည်း | ၆၈၁၈၁ |
| (၁၁၇) | စိုင်းပြည့်ဖြိုးအောင် | ကြည်း | ၆၈၁၈၂ |
| (၁၁၈) | အေးချမ်းအောင် | ကြည်း | ၆၈၁၈၃ |
| (၁၁၉) | တိုးဝေလွင် | ကြည်း | ၆၈၁၈၄ |
| (၁၂၀) | ပြည့်ဖြိုးကျော် | ကြည်း | ၆၈၁၈၅ |
| (၁၂၁) | နေရဲကျော် | ကြည်း | ၆၈၁၈၆ |
| (၁၂၂) | အောင်ခိုင်စိုး | ကြည်း | ၆၈၁၈၇ |
| (၁၂၃) | ဟိန်းစိုးထက် | ကြည်း | ၆၈၁၈၈ |
| (၁၂၄) | ကောင်းခန့်ကို | ကြည်း | ၆၈၁၈၉ |
| (၁၂၅) | သက်အောင် | ကြည်း | ၆၈၁၉၀ |
| (၁၂၆) | အောင်ဉာဏ်မိုး | ကြည်း | ၆၈၁၉၁ |
| (၁၂၇) | ပြည့်ဖြိုးအောင် | ကြည်း | ၆၈၁၉၂ |
| (၁၂၈) | ဝေယံကျော်လွင် | ကြည်း | ၆၈၁၉၃ |
| (၁၂၉) | စွမ်းထက်မင်း | ကြည်း | ၆၈၁၉၄ |
| (၁၃၀) | ကောင်းခန့်ဇော် | ကြည်း | ၆၈၁၉၅ |
| (၁၃၁) | သိန်းကျော်ထွန်း | ကြည်း | ၆၈၁၉၆ |
| (၁၃၂) | ဉာဏ်ဟိန်းဝင်း | ကြည်း | ၆၈၁၉၇ |
| (၁၃၃) | ဟိန်းကျော်ဇော | ကြည်း | ၆၈၁၉၈ |
| (၁၃၄) | အောင်မင်းခန့် | ကြည်း | ၆၈၁၉၉ |
| (၁၃၅) | အောင်သူရကျော် | ကြည်း | ၆၈၂၀၀ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

**[ ဆက်လက်ဖော်ပြပါမည်။ ]**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| | | |
|---|---|---|
| ရန်ကုန်မြို့ | ၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်<br>( ၂၀၁၅ ခုနှစ်၊ မတ်လ ၁၃ ရက် ) | သောကြာနေ့ |

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၄

ကုမ္ပဏီဖျက်သိမ်းကြောင်းကြော်ငြာ

အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

**သစ်ကမ္ဘာထုတ်လုပ်မှုလုပ်ငန်းလီမီတက်**

**WOOD WORLD PRODUCTION ENTERPRISE LIMITED**

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၈) ရက်နေ့တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ **သစ်ကမ္ဘာထုတ်လုပ်မှုလုပ်ငန်းလီမီတက် (WOOD WORLD PRODUCTION ENTERPRISE LIMITED)** အား ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်မေမေတင့် [ဘီကွမ်း (အေအေ)၊ စီပီအေ] အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

ဦးတင်မောင်စိုး
မန်နေးဂျင်းဒါရိုက်တာ
သစ်ကမ္ဘာထုတ်လုပ်မှုလုပ်ငန်းလီမီတက်

မေမေတင့်
[ဘီကွမ်း (အေအေ)၊ စီပီအေ]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၂၂၅)၊ (ဒုထပ်)၊ ၃၈ လမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

ကုမ္ပဏီဖျက်သိမ်းကြောင်းကြော်ငြာ
အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်း
**အဟုန်ထုတ်လုပ်မှုလုပ်ငန်းလီမိတက်**
**MOMENTUM PRODUCTION ENTERPRISE LIMITED**

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၉) ရက်နေ့တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ **အဟုန်ထုတ်လုပ်မှုလုပ်ငန်းလီမိတက် (MOMENTUM PRODUCTION ENTERPRISE LIMITED)** အား ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်မေမေတင့် [ဘီကွမ်း (အေအေ)၊ စီပီအေ] အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

ဦးကြည်ဆွေ
မန်နေးဂျင်းဒါရိုက်တာ
အဟုန်ထုတ်လုပ်မှုလုပ်ငန်းလီမိတက်

မေမေတင့်
[ဘီကွမ်း (အေအေ)၊ စီပီအေ]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၂၂၅)၊ (ဒုထပ်)၊ ၃၈ လမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

ကုမ္ပဏီဖျက်သိမ်းကြောင်းကြော်ငြာ
အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်း
**ဇက် အမ် (မ်) အိပ် (ချ်) ကဒ် ကုမ္ပဏီလီမိတက်**
**(ZMH CARD CO.,LTD.)**

၂၀၁၅ ခုနှစ်၊ မတ်လ (၃) ရက်နေ့တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ **ဇက် အမ် (မ်) အိပ် (ချ်) ကဒ် ကုမ္ပဏီလီမိတက် (ZMH CARD CO.,LTD.)** အား ၂၀၁၅ ခုနှစ်၊ မတ်လ (၃) ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးဆန်းထွန်း (B.A, C.P.A, F.B.S.A) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၅ ခုနှစ်၊ ဧပြီလ (၁၃) ရက်နေ့ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

BANYA ZAW
Managing Director
ZMH Card Co.,Ltd.

ဦးဆန်းထွန်း
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
(ဖျက်သိမ်းဆဲ) ဇက်အမ်(မ်)အိပ်(ချ်)ကဒ်ကုမ္ပဏီလီမိတက်

## XANADU TRAVEL COMPANY LIMITED.

ဖျက်သိမ်းရန်ကြေညာချက်

၁။ **XANADU TRAVEL COMPANY LIMITED.** ကို အစုရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန် ၂၀၁၅ ခုနှစ်၊ မတ်လ (၉) ရက်နေ့က ကုမ္ပဏီရုံးခန်းတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အရပ်ရပ် အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ် (၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ (၂၁၀) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ (၂၁၀) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| Hnin Moe Aung | ဦးဇင်ဝေ |
| Managing Director | B.Com, C.P.A |
| XANADU TRAVEL Co., Ltd. | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

## NAING GENERATION CO., LTD.

ဖျက်သိမ်းရန်ကြေညာချက်

၁။ **NAING GENERATION CO., LTD.** ကို အစုရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန် ၂၀၁၅ ခုနှစ်၊ မတ်လ (၉) ရက်နေ့က ကုမ္ပဏီရုံးခန်းတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အရပ်ရပ် အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ် (၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ (၂၁၀) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ (၂၁၀) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| SU LATT NAING | ဦးဇင်ဝေ |
| MANAGING DIRECTOR | B.Com, C.P.A |
| NAING GENERATION CO., LTD. | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

## မြန်မာရှေ့သို့ ကုမ္ပဏီ လီမိတက်

(အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**မြန်မာရှေ့သို့ ကုမ္ပဏီ လီမိတက်**၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ မတ်လ (၂၈) ရက်နေ့ နံနက် (၁၀း၃၀) နာရီအချိန်တွင် အမှတ် (၁၉၄၅)၊ အကွက်အမှတ် (၆)၊ (၅) ရပ်ကွက်၊ ရန်ကုန်-ပုသိမ် လမ်းမကြီး၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဒါရိုက်တာအဖွဲ့ဝင် အားလုံး မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးဇင်ဝေ

B.Com, C.P.A

ZIN & FRIENDS AUDIT FIRM

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## တီထွင်နိုင်စွမ်းရှိသော အလိုအလျောက် ထိန်းချုပ်စနစ် ကုမ္ပဏီ လီမိတက်

## (INNOTECH AUTOMATION COMPANY LIMITED)

(အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ၊ ၂၀၈-င အရ၊ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ INNOTECH AUTOMATION COMPANY LIMITED ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးကျင်းပမည့်နေ့ - ၃. ၄. ၂၀၁၅

အစည်းအဝေးကျင်းပမည့်အချိန် - (၁၀း၀၀) နာရီ

အစည်းအဝေးကျင်းပမည့်နေရာ - အမှတ် (၄၄)၊ ပထမထပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ (၁၀) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဦးမင်းလွင်ဦး

(B.Com, C.P.A)

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## ရတနာ (တောင်ကုတ်) ဆန်စပါးဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီ လီမိတက်

## [Yadanar (Taung Goke) Rice & Paddy Development Co., Ltd.]

(အစုရှင်များ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

အထက်ဖော်ပြပါကုမ္ပဏီလီမိတက် အစုရှင်များ၏ အပြီးသတ်နောက်ဆုံးအစည်းဝေးကို (၉. ၄. ၂၀၁၅) ရက်နေ့ နံနက် (၁၀း၀၀) နာရီတွင် (အမှတ် - ၁၁၅၊ သစ်ရာပင်လမ်း၊ ဗိုလ်ချုပ်ရွာ၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့) ရှိ ကုမ္ပဏီရုံးခန်းတွင် ကျင်းပမည်ဖြစ်သဖြင့် အစုရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

ဦးမြတ်လွင်မိုး
[B.Com (Q), C.P.A]
လက်မှတ်ရပြည်သူ့စာရင်းကိုင် (စာရင်းစစ်)
တိုက် (၃၀)၊ အခန်း (၄-က) ၄-ထပ်၊ မလွှကုန်းလမ်းနှင့်
ကျောက်ရေတွင်းလမ်းထောင့်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။

## Natural Life & Green Co., Ltd

ဖျက်သိမ်းရန်ကြေညာချက်

၁။ **Natural Life & Green Co., Ltd** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၁၆. ၂. ၂၀၁၅) နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသောအထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချခဲ့သည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ် (၁၆၀)၊ ပထမထပ်၊ (၄၅) လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်နှင်းနွယ်အေး [၁၂/တမန (နိုင်) ၀၆၈၅၀၇] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ ဒေါ်နှင်းနွယ်အေးထံ ဆက်သွယ်ဆောင်ရွက်နိုင်ရန် ကြေညာလိုက်ပါသည်။

ဒေါ်ယဉ်မင်းထွန်း
မန်နေးဂျင်းဒါရိုက်တာ
(Natural Life & Green Co., Ltd)

ဒေါ်နှင်းနွယ်အေး
[B.Com (Q), C.P.A]
အမှတ် (၁၆၀)၊ ပထမထပ်၊
(၄၅) လမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။

## မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ - ၂၀၈ (င) အရ ကြေညာစာ

## လေနှင့် ပင်လယ်ကုမ္ပဏီလီမိတက်

## (Air & Sea Company Limited)

(ဆန္ဒအလျောက် ဖျက်သိမ်းဆဲ)

နောက်ဆုံးအစည်းအဝေးဖိတ်ကြားစာ

အထက်ပါကုမ္ပဏီဖျက်သိမ်းရာ၌ နောက်ဆုံးအစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ ဧပြီလ (၆) ရက်၊ နံနက် (၉း၀၀) နာရီအချိန်တွင် အမှတ်-(၇၀၃)၊ မဟာဗန္ဓုလလမ်း၊ လသာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ကျင်းပမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

၁။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ဖျက်သိမ်းရေးစာရင်းတင်ပြရန်၊

၂။ ၎င်းနှင့်ပတ်သက်သည့် အချက်အလက်များ ရှင်းပြရန်။

ခင်စောယု

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

အမှတ်-၄၉/၅၁၊ (၇-လွှာ)၊ ၂ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## တူဒေး အက်(ဒ်) ဗာတိုက်ဇင်း လီမိတက်

## (TODAY ADVERTISING LIMITED.)

အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၆) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **တူဒေး အက်(ဒ်) ဗာတိုက်ဇင်း လီမိတက် (TODAY ADVERTISING LIMITED.)** အား (၁၆. ၂. ၂၀၁၅) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး (B.Com, Dip I.F.R, Diploma in Business Law) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၅ ခုနှစ်၊ ဧပြီလ (၁၃) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးမိုးသဲ
Managing Director
Today Advertising Limited.

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

ပ၊ စ၊ လ - အမှတ် ၆၇၀/၁၄/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၂၉၀/၁၃-၃-၂၀၁၅။